မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်နှင့်ဇနီး မဒမ်ကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှေကူမြို့နယ် ဆိပ်သာကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၏ နွေစပါးစိုက်ခင်း၌ တောင်သူများ မြေဩဇာကြဲပက်နေမှုနှင့် နွေစပါးရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှုသည်အရေးပါ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် မတ် ၁၇

ကချင်ပြည်နယ် ရွှေကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၄ ရက် နံနက်ပိုင်းက ရွှေကူ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် တပ်ဖွဲ့ဝင်မိသားစုများအား တပ်နယ်ရှိ မြဝတီခန်းမ၌ တွေ့ဆုံကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် တည်ဆောက်လျက်ရှိရာတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထား၍ ပါဝင်တည်ဆောက်ရေး၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေး၊ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးနှင့် မိသားစုများသက်သာချောင်ချိရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

“အန်တီစုသို့ အိတ်ဖွင့်ပေးစာ” အန်တီစု လာရာလမ်းကိုပြန်သွားပါ

တိုင်းပြည်ကို ခေတ်မီအောင် သိပ်မကြာတဲ့အချိန်အတွင်း ပြန်တည်ဆောက်လို့ရပါတယ်။ လူတွေရဲ့ စိတ်ဓာတ် အောက်တန်းကျသွားတာကိုတော့ အချိန်အကြာကြီးပေးပြီးမှ ပြန်တည်ဆောက်ယူရပါလိမ့်မယ်။ အန်တီစုရဲ့ NLD ပါတီကကော လုံးဝကောင်းပါတယ်လို့ အာမခံနိုင်လို့လား။ အာဏာမမက်ကြပါဘူး၊ မလိုချင်ကြပါဘူးလို့ ပြောနိုင်ပါရဲ့လား။ နောက်ဆုံးတော့ အာဏာရရေး၊ အာဏာရရေးကိုပဲ တစာစာတောင်းခံနေတာ မဟုတ်ဘူးလား။

ဝသန်၏ ဆောင်းပါး (စာ -၁၀ နှင့် ၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၈ ရက်)

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ တက်ကြွစွာဆောင်ရွက်

နိုင်ငံ့စီးပွား တိုးပွားစည်ပင်စေရန်နှင့် စီးပွားရေးအခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရန်တို့အတွက် နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အားပေးပံ့ပိုးလျက်ရှိရာ ငွေကြေးအင်အားတောင့်တင်းခိုင်မာပြီး စွမ်းဆောင်ရည် မြင့်မားသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ စီးပွားရေးနယ်ပယ်ကဏ္ဍအသီးသီးတွင် ပေါ်ထွန်းလာခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် စက်မှုဇုန်ပေါင်း ၁၈ဇုန်ကို ထူထောင်ပေးထားပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ သမားရိုးကျ အခြေခံစက်မှုလုပ်ငန်းများကို အသေးစားစက်မှုလုပ်ငန်းများအဖြစ် တီထွင်ပြောင်းလဲ၍ အသေးစားစက်မှုလုပ်ငန်းများကိုလည်း အလတ်စားနှင့်အကြီးစားစက်မှုလုပ်ငန်းများ ထုတ်လုပ်နိုင်သည့်အဆင့်ရောက်အောင် စက်မှုဇုန်များက ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကို နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေရန် ဖွဲ့စည်းပေးထားသည်။ ယင်းအသင်းချုပ်သည် နိုင်ငံတော်အတွက် အားထားရသည့် စွမ်းအားစုတစ်ရပ်အဖြစ် စုစည်းဖြစ်တည်နေသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သည် အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ရေရှည်ဖြစ်ထွန်းစေရန် မျှော်မှန်း၍ အမျိုးသားစီးပွားရေး မူဝါဒများနှင့်အညီ ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ် တက်ကြွစွာ ဆောင်ရွက်ရင်း ရရှိလာသည့် အောင်မြင်မှုများကို ထိန်းသိမ်းပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရေး စည်းဝေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း အမှာစကားပြောကြား

ရန်ကုန် မတ် ၁၇

၂၀၀၇ခုနှစ် နွေရာသီ စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက် အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က ၂၀၀၇ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဦးစီးဌာနအလိုက် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်သူများက အကြံပြုဆွေးနွေး တင်ပြကြ၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက လိုအပ်သည်များကို ဖြည့်ဆည်း ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ ကိုးကွယ်တတ်မှ အမြတ်ရ တရားတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ) (ရွှေလင်းယုန်ဆရာတော်)
၈း၂၀ အောင်စေတီဆရာတော် ဘဒ္ဒန္တ စဋိုလ၏ သာသနာပြုမှတ်တမ်း
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ Sunday Talk [ဒေါက်တာ ဇော်သန်း၊ကိုကို (စက်မှုတက္ကသိုလ်)]
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၉း၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅ နိုင်ငံတကာအနုပညာရေးရာ
၁၀း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ မွန်မြတ်အလှူကုသိုလ်ယူ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅ မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ကရဝိက်ဥယျာဉ်)
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စက်မှုဒီဇိုင်း) (ဒေါက်တာမိုးမိုးသွယ်)
၁၁း၃၅ မိုးလေဝသခန့်မှန်းချက်
၁၁း၄၀ ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၁၁း၅၀ တေးဂီတအစီအစဉ်
၁၁း၅၅ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်)
၁၂း၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၂း၃၀ မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး
၁၂း၄၀ တေးဂီတအစီအစဉ်
၁၂း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀ မောမြေရဲ့ အမောပြေ ရှမ်းပြည်နယ်(တောင်ပိုင်း) (လွိုင်လင်ခရိုင်)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၇း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports (Live)
၇း၅၄	Charlton- Newcastle	5-Series (Live)
၈း၀၀	Aston Villa-Liverpool	5-Sports (Live)
၁၀း၂၅	Everton-Arsenal	5-Sports (Live)

ဗိုလ်မှူးချုပ် လှိုင်မြင့်–ဒေါ်ရီရီတင့် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးနှင့် ငွေစာရင်းမှူး ဦးသန်းထွဋ်တို့ထံ ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၈–၃–၂၀၀၇
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဝေဟင်ချစ်သူ**
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့် ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ မိုးလေဝသသတင်း
၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ** (အပိုင်း–၁၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Everton Vs Arsenal

ကိုးပါးသီလခံယူ ဆောက်တည်

နိုင်ငံတော် ဩဝါဒါစရိယ တောတိုက် ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ၏ သက်တော် (၇၅)နှစ်ပြည့်အထိမ်းအမှတ် ဝိဇာတမင်္ဂလာစိန်ရတုသဘင် အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်များ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ၏ ဝိဇာတမင်္ဂလာစိန်ရတုသဘင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၁၇

နိုင်ငံတော်ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ၏ သက်တော် (၇၅)နှစ်ပြည့်အထိမ်းအမှတ် ဝိဇာတမင်္ဂလာစိန်ရတုသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာရှိ ဓမ္မသိဒ္ဓိသုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာဆရာတော်နှင့် ဒွိပိဋကရေဘွဲ့ရ ဘဒ္ဒန္တဝေပုလ္လာလင်္ကာရတို့အား မပင့်ဆောင်မီ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်(ဓမ္မာစရိယ–ဘီအေ)က ပူဇာသနပလ္လင်ပေါ်သို့ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားသည်။ ဆက်လက်၍ လူမှုထူးချွန်(ပထမဆင့်)မဟာသဒ္ဓမ္မဇောတိကဓဇ အဆိုတော် ဦးထွန်းရွှေက ဦးမင်းကြည်သီကုံးရေးသားသော အပင့်မင်္ဂလာဖြင့် ပူဇော်ပြီး ပူဇာသနပလ္လင်ပေါ်သို့ ဆရာတော်ကြွရောက်ပါရန် လျှောက်ထားပင့်ဆောင်သည်။

ဖွင့်လှစ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဧည့်ပရိသတ်တို့က ပူဇော်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အဆိုတော် ဒလဝေဝေက စောင်းအေးအေးမြင့်နှင့်တွဲဖက်၍ ထူးမခြားနား သီချင်းခန့်ဖြင့် သီကျူးပူဇော်ကြသည်။

သီလခံယူ

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယတောတိုက်ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဖတ်ကြားပူဇော်

ယင်းနောက် မဟာသဒ္ဓမ္မဇောတိက ဓဇ ဦးမင်းကြည်(ဓမ္မာစရိယ–ဘီအေ)က ထေရုပတ္တိကထာ ထိတုမင်္ဂလာဩဘာစာတမ်းကိုလည်းကောင်း၊ အဆိုတော် ဒလဝေဝေက ဦးမင်းကြည်(ဓမ္မာစရိယ–ဘီအေ)သီကုံးရေးသားသော ပိုဒ်စုံရတုကိုလည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက် နာယကစာချဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တဉာဏိဿရက ဒွိပိဋကရေဘွဲ့ရ ဘဒ္ဒန္တဝေပုလ္လာလင်္ကာရ၏ ထေရုပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် လူမှုထူးချွန်(ပထမဆင့်) မဟာသဒ္ဓမ္မဇောတိကဓဇ အဆိုတော် ဦးထွန်းရွှေက ဦးမင်းကြည်(ဓမ္မာစရိယ–ဘီအေ)သီကုံးရေးသားသော လူးတား ညှပ်ထပ်တွန့်(၈၀)ပေါ်တေးထပ်ကို ဖတ်ကြားသီကျူးပူဇော်သည်။

ဆက်ကပ်

ယင်းနောက် ဆရာတော်သံဃာတော်တို့အား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တောတိုက်ဓမ္မရိပ်သာ စာချဆရာတော်ဘဒ္ဒန္တဝိသုတာလင်္ကာရက အနုမောဒနာစာတမ်းကို ဖတ်ကြားပူဇော်သည်။

အမျှပေးဝေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် စစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၇နာရီခွဲတွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စုရပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမြင့်လွင်ပါဝင်ကာစစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်အောင်တို့ ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော်နှင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုးတို့ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇော်ဦးနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်အောင်တို့ ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစံဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းအောင်တို့ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းလွင်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသက်ဝေတို့ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဆင့်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး သူရိန်ကျော်တို့ ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ညွန့်တို့ ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ စစ်ရေးပြအမိန့်စဉ်များအတိုင်း စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



(၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ စစ်ကြောင်းကြီးများ လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ကြီးစက်မှုလက်မှုအထက်တန်းကျောင်း စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

တောင်ကြီးမြို့ စက်မှုလက်မှု အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်တွင်ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံကြမည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဆရာဦးကျော်ချွန်(ငြိမ်း) ဖုန်း–၀၈၁–၂၂၉၉၆၊ ဆရာဦးသောင်းထွန်း(ငြိမ်း) ဖုန်း–၀၁–၇၂၂၅၇၁နှင့် ဆရာဦးစိန်မောင်(ငြိမ်း)ဖုန်း–၀၁–၇၀၀၁၉၈တို့သို့ ဆက်သွယ်နိုင်ပြီး အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးညွန့် ဖုန်း–၀၈၁–၂၁၆၅၇၊ ဦးခင်မောင်ဝင်း ဖုန်း–၀၈၁–၂၁၇၁၅၊ ဦးတင်အောင် ဖုန်း–၀၉–၅၂၁၁၁၄၆၊ ဦးလှသိန်း ဖုန်း–၀၉–၅၁၉၂၉၇၅၊ ဦးညိုမင်းဒင် ဖုန်း–၀၁–၂၂၀၃၄၁၊ ၀၁–၂၁၂၀၀၇၊ ဒေါ်စန်းစန်းမြင့် ဖုန်း–၀၉–၅၁၈၈၄၂၈၊ ဦးချစ်ထွန်း ဖုန်း–၀၉–၅၀၁၉၇၇၁၊ ဦးအေးဝင်း ဖုန်း–၀၂–၃၁၄၅၄နှင့် ဦးအောင်မြင့်သိန်း ဖုန်း–၀၆၂–၂၁၉၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

သုံးနိုင်ငံ ရေနံပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်း ဂရိ၊ ရုရှားနှင့် ဘူလ်ဂေးရီးယားတို့ သဘောတူညီမှုရရှိ

အေသင် မတ် ၁၇

ဂရိ၊ ရုရှားနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့သည် ဥရောပစွမ်းအင်ဈေးကွက်သို့ ရေနံတင်ပို့ရေးအတွက် ရေနံပိုက်လိုင်း တည်ဆောက်ရန် စာချုပ် ချုပ်ဆိုရေးကို မတ် ၁၅ရက်က ဆုံးဖြတ်လိုက်ကြသည်။

သဘောတူညီ

အရှည် ၂၇၉မီတာရှိသော ရေနံပိုက်လိုင်းတည်ဆောက်ရေး သဘောတူညီမှုလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ဂရိဝန်ကြီးချုပ် ကိုစတက်ကာရာမင်လစ်နှင့် ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ဆာဂီစတန်ရှစ်ဗ်တို့ တက်ရောက်ခဲ့ကြသည်။

တည်ဆောက်

ယခုကဲ့သို့ သုံးနိုင်ငံ သဘောတူညီမှုရရှိခြင်းသည် ၁၅နှစ်ကြာ နှောင့်နှေးကြန့်ကြာမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ၎င်းပိုက်လိုင်းတည်ဆောက်မှုကို ၂၀၀၉ ခုနှစ်၌ စတင်ဖြန့်ဖြူးနိုင်ရန် တည်ဆောက်သွားမည် ဖြစ်သည်။

တင်ပို့

အဆိုပါရေနံပိုက်လိုင်းမှ တစ်နှစ်လျှင် ရေနံတန်ချိန် ၃၅သန်း သို့မဟုတ် တစ်နေ့လျှင် ရေနံစည်ပေါင်း ခုနစ်သိန်းတင်ပို့နိုင်ရန် ရည်မှန်းထားပြီး နောက်ပိုင်း တစ်နှစ်လျှင် ရေနံစည်ပေါင်း သန်း ၅၀အထိ တင်ပို့ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်သို့ ဗီယက်နမ်မှ ဆန်တင်သွင်းမည်

ဟနွိုင်း မတ် ၁၇

ဗီယက်နမ်နိုင်ငံသည် ဂျပန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၀၅၀ ရောင်းချခွင့်လေလံရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ပြည်တွင်းကုန်သွယ်မှု အေဂျင်စီက မတ် ၁၅ ရက်၌ ပြောကြားသည်။

ပြောကြား

ဂျပန်နိုင်ငံသို့ အဆိုပါဆန်များ တင်ပို့ရာတွင် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၉ ဒသမ ၂၀ ဒေါ်လာနှုန်းခန့် ရရှိမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံကုန်သွယ်ရေးဝန်ကြီး ဌာနအောက်ရှိ ကုန်သွယ်မှုသတင်းဌာနက ပြောကြားသည်။

တင်ပို့

ဗီယက်နမ်မှ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ၂၀၀၅ခုနှစ်က ဂျပန်နိုင်ငံသို့ ဆန်တန်ချိန် ၈၀၀၀၀၊ ၂၀၀၆ခုနှစ်က ဆန်တန်ချိန် ၁၂၀၀၀၀ တင်ပို့ခဲ့ပြီး ယခုနှစ်၌ ဆန်တန်ချိန် ၄၅၀၄၀ တင်ပို့လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်

ဗီယက်နမ်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကျူးဘားနှင့် ဂျပန်နိုင်ငံဈေးကွက်များသို့ အဓိကထားပြီး ဆန်တင်ပို့ ရောင်းချလျက်ရှိသည်။ ယခုနှစ် ပထမ နှစ်လတာ ကာလအတွင်း ကမ္ဘာ့ဈေးကွက်သို့ ဆန်တန်ချိန် ၃၁၆၀၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၁၀၀ခန့် ရရှိခဲ့သည်။

ဗီယက်နမ်အစိုးရက ယခုနှစ်၌ ပြည်ပသို့ ဆန်တန်ချိန် ၄ သန်းနှင့် ၄ ဒသမ ၅သန်းတန် တင်ပို့နိုင်ရန် ဆုံးဖြတ်ထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်တောင်းမြို့ရှိ အထည်အလိပ်စက်ရုံ လုပ်ငန်းခွင်တစ်နေရာကို မတ် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တောင်အာရှ ကားပြိုင်ပွဲ ဘင်္ဂလားဒေ့ရှ်မှ စတင်တာထွက်

ဒါကာ မတ် ၁၇

တောင်အာရှ ကားပြိုင်ပွဲကို မတ် ၁၅ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ကော့စ်မြို့ အပန်းဖြေစခန်းမှ စတင်၍ တာထွက်ခဲ့ချိန်တွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အိပ်မက်များထဲမှ တစ်ခုမှာ အမှန်တကယ်ပင် ဖြစ်လာပြီဖြစ်ကြောင်း မတ် ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တက်ရောက်

အဆိုပါကားပြိုင်ပွဲ စတင်တာလွှတ်ဖွင့်ပွဲသို့ အစိုးရတာဝန်ရှိသူများ၊ အားကစားသမားများ၊ သတင်းစာဆရာများ လူပေါင်း ၁၀၀ခန့် တက်ရောက်ကြသည်ဟု ဆိုသည်။

ယင်းကားပြိုင်ပွဲတွင် တောင်အာရှဒေသမှ ကားစီးရေ ၂၆စီး ပါဝင်ယှဉ်ပြိုင်ကြပြီး ခရီးအကွာအဝေး ကီလိုမီတာ ၈၀၀၀ခရီးကို မောင်းနှင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပန်းဝင်

အဆိုပါ ပြိုင်ပွဲဝင်ကားများသည် နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် မော်လဒိုက်နိုင်ငံများကို ဖြတ်သန်းသွားမည်ဖြစ်ကြောင်း၊ ဧပြီလတွင် နယူးဒေလီ၌ ပန်းဝင် အဆုံးသတ်မည်ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ယုတ္တိကင်းမဲ့ဟု ဥဇဘက်ကစ္စတန် ဝေဖန်

အယ်မာအက်တာ မတ် ၁၇

အမေရိကန်နိုင်ငံ၏ အခြားနိုင်ငံများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာမှာ ဘက်လိုက်ထားရုံမက ယုတ္တိလည်း ကင်းမဲ့ကြောင်းဖြင့် ဥဇဘက်ကစ္စတန် နိုင်ငံခြားရေးဌာနက မတ် ၁၃ ရက်တွင် ဝေဖန်လိုက်သည်။

ကြေညာ

ထို့အပြင် အမေရိကန်၏ ထိုအစီရင်ခံစာသည် ယုတ္တိကင်းမဲ့စွာ အကြိမ်ကြိမ် စွပ်စွဲဖော်ပြနေသည့်အတွက် ဝမ်းနည်းစရာကောင်းကြောင်း ဥဇဘက်ကစ္စတန် နိုင်ငံခြားရေးဌာန ကြေညာချက်တွင် ဖော်ပြထားသည်ဟု ဥဇဘက်စာနယ်ဇင်းများက ရေးသားဖော်ပြသည်။

လုပ်ကြံစွပ်စွဲ

ဥဇဘက်ကစ္စတန်နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုဟူသော အမေရိကန်၏ ဝေဖန်ဖော်ပြချက်ကို အကြိမ်ကြိမ်ပယ်ချခဲ့ပြီးဖြစ်ကြောင်း၊ အမေရိကန်၏ အစီရင်ခံစာမှာ နိုင်ငံရေးအရင်းခံသည့် လုပ်ကြံစွပ်စွဲချက်သာဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံခြားရေးဌာန ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ဆယ်လ်လူလာဖုန်း သုံးစွဲသူ ၇၅သန်းခန့် ရှိလာမည်

ဂျကာတာ မတ် ၁၇

အင်ဒိုနီးရှားနိုင်ငံတွင် ဆယ်လ်လူလာဖုန်းသုံးစွဲမှုမှာ ပြီးခဲ့သည့်နှစ်က လူဦးရေ ၆၃သန်းခန့်ရှိရာမှ ယခုနှစ်တွင် ၇၅ ဒသမ ၆သန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း ကြေးနန်းသတင်းဆက်သွယ်ရေး စောင့်ကြည့်မှုအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်၌ ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်က ဆယ်လ်လူလာဖုန်းသုံးစွဲမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံခန့် ရရှိခဲ့ကြောင်း အင်ဒိုနီးရှား ကြေးနန်းဆက်သွယ်ရေး အေဂျင်စီက သတင်းထုတ်ပြန်သည်ဟု မတ် ၁၂ရက်က ထုတ်ဝေသည့် ဘစ်နက် အင်ဒိုနီးရှား သတင်းစာ၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့် ငါးနှစ်ကတည်းက ဆယ်လ်လူလာဖုန်းသုံးစွဲမှု တိုးတက်လာခဲ့ရာ ၂၀၀၂ ခုနှစ်တွင် ငါးရာခိုင်နှုန်းနှင့် ၂၀၀၆ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

တိုးတက်လာ

ဆယ်လ်လူလာဖုန်းသုံးစွဲမှု အနေဖြင့် ယခု ၂၀၀၇ခုနှစ်တွင် ယခင်နှစ်ကထက် အနည်းဆုံး ၂၀ရာခိုင်နှုန်းခန့် တိုးတက်လာမည် ဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ပေ ၃၀ ခန့်ရှည်သောစွန်

ပေ ၃၀ခန့်ရှည်သော စွန်ကို ပြုလုပ်နေကြစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ဝေဖန်မြို့တွင် စွန်ပြုလုပ်သူငါးဦးက အရှည်ပေ ၃၀၊ အမြင့် ၁၉ပေရှိသော စွန်တစ်ခုကို ရက်ပေါင်း ၃၀နီးပါး ပြုလုပ်ခဲ့ကြရာ တရုတ်နိုင်ငံတွင် ပြုလုပ်ခဲ့ပြီးသော စွန်များ၌ အကြီးဆုံး ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့အသေးငယ်ဆုံး စာအုပ်ပြပွဲ

ကမ္ဘာ့ အသေးငယ်ဆုံး စာအုပ်လေးများကို ပြသထားစဉ်။ (ဝဲပုံ)

စကော့တလန်ရှိ ဝီတောင်းမြို့တွင် ကမ္ဘာ့အသေးငယ်ဆုံးနှင့် အကြီးမားဆုံး စာအုပ်ပြပွဲ ကျင်းပရာ ကမ္ဘာပေါ်၌ အသေးငယ်ဆုံးစာအုပ်လေးများကို ပြသခဲ့ကြောင်း၊ အမျိုးအစားမတူသော်လည်း အရွယ်အစားများမှာ တူညီကြကြောင်း သိရသည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကို အမေရိကန်က ထုတ်လုပ်ထားပြီး ကမ္ဘာ့အသေးဆုံးစာအုပ်ကို ဂျပန်နိုင်ငံက ထုတ်လုပ်ထားသည်။ **(အင်တာနက်)**

လူနာများကို နွေးထွေးစွာကြိုဆို၊ စေတနာဖြင့် ကုသပေး အကောင်းဆုံးနှင့် အထိရောက်ဆုံး ကုသမှုပေးနိုင်အောင်ကြိုးပမ်း

ရန်ကုန် မတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးသောင်းနှင့် ဧရာဝတီတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းတို့ လိုက်ပါလျက် မတ် ၁၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ခုတင်(၂၅၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိပြီး လူနာကုသဆောင်များ၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းများနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်နှင့် အထူးကုဆရာဝန်ကြီးများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး ဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းများအား အစည်းအဝေးခန်းမ၌တွေ့ဆုံရာ ဆေးရုံအုပ်ကြီးက ဆေးရုံကြီး၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်း တင်ပြသည်။

စေတနာဖြင့်ပြုစုကုသ

ယင်းနောက် ဒုတိယဝန်ကြီးက ဆေးရုံမှတ်တမ်းများ စနစ်တကျထားရှိရန်နှင့် လူနာများကို စေတနာဖြင့် ပြုစုကုသကြရန် မှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ သင်တန်းတာဝန်ခံ ဆရာမကြီး၊ သင်တန်းဆရာမများနှင့် တွေ့ဆုံရာ တာဝန်ခံ ဆရာမကြီးက သင်တန်းကျောင်းသမိုင်းနှင့် ပညာသင်ကြားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လူနာများကို နွေးထွေးစွာကြိုဆို၍ စေတနာဖြင့် ကုသစောင့်ရှောက်ပေးရန် လိုအပ်ကြောင်းနှင့် လူနာများအား နှစ်သိမ့်ဆွေးနွေးပညာပေးကြရန်နှင့် ကိုယ်ချင်းစာနာစိတ်ဖြင့် ပြုစုကြရန်မှာကြားသည်။

ငွေဆောင်ပြည်သူ့ဆေးရုံဖွင့်ပွဲ

ထို့နောက် ဒုတိယဝန်ကြီးသည် မတ်၁၅ရက် နံနက်ပိုင်းက ငွေဆောင်ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဓနုဖြူမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဝန်ထမ်းများအား လူနာများကို ပြောဆိုဆက်ဆံရာတွင် နူးညံ့သိမ်မွေ့ကြရန် လိုအပ်ကြောင်း၊ ကုသမှုပေးရာတွင်လည်း အကောင်းဆုံးနှင့် အထိရောက်ဆုံး ကုသမှုပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော လူနာများအတွက် သုံးစွဲရန် ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဆရာတော် ဘဒ္ဒန္တဝိလာသ သာသနဟိတကာရီကျောင်းတိုက် ပုရွက်ဆိတ်ကုန်းရပ်ကွက် မြောက်ဥက္ကလာပက မတ် ၁၄ရက်၌ လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသောင်း လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကံ့ကော်မြိုင် ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

သဃ်န်းကျွန်းမြို့နယ် ဈ/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်တွင် သင်္ကြန်၁၀ရက်တရားစခန်းကို ဧပြီ ၈ ရက်(တနင်္ဂနွေနေ့)မှ ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့) အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့်ယောဂီများ ဧပြီ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၇ ရက် (စနေနေ့) ညနေ ၄ နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၃၅၂)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ရပ်ကွက်အသီးသီးသို့ အနာကြီးရောဂါကာကွယ်တိုက်ဖျက်ရေးအကြောင်း ကွင်းဆင်းဟောပြောလျက်ရှိရာ မတ် ၁၁ ရက်က ဂဠုန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ဟောပြောဆွေးနွေးစဉ်။ (က–ပ)

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ မူးယစ်ဆေးဝါးများဖမ်းဆီးမှု

ရန်ကုန် မတ် ၁၇

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း၂၂၁မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၉မှု အလေးချိန် ၇၃ဒသမ ၂၁၁၅ကီလို၊ ဘိန်းဖြူ ၆၀မှု အလေးချိန် ၁၅ဒသမ ၂၄၃၁ကီလို၊ ဘိန်းဆီ၁၆မှု အလေးချိန် ၃၃ဒသမ ၄၆၀၈ကီလို၊ အဆင့်နိမ့်ဘိန်း၁၁မှု ၁ဒသမ ၈၃၆၆ကီလို၊ ဆေးခြောက် ၁၄မှု အလေးချိန် ၀ဒသမ ၅၃၂၅ကီလို၊ စိတ်ကြွရူးသွပ် ဆေးပြား၃၃မှု ၆၈၄၆၅ပြား၊ ဘိန်းစာမှုန့် ၁၀မှု အလေးချိန် ၉ဒသမ ၇၇၅၀ ကီလို၊ အက်ဖီဒရင်းတစ်မှု အလေးချိန် ၈၉ကီလို၊ ဓာတုဆေးရည်တစ်မှု ပမာဏ ၅၃ဒသမ ၇၂၅၀လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၄ဒသမ ၂၈၃၅ကီလို၊ မှတ်ပုံတင်ပျက်လေးမှု၊ အခြားအမှုနှစ်မှုတို့ဖြစ်၍ တရားခံ ကျား၂၇၀၊ မ၅၈ဦး စုစုပေါင်းတရားခံ ၃၂၈ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထာဝရဆွမ်းပဒေသာပင် စိုက်ထူ

ရန်ကုန်မြို့ နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်ကြသော ကျောင်းထိုင်ဆရာတော်ကြီးနှင့် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) ဘွဲ့ယူကြမည့် သင်တန်းသား ရဟန်းသံဃာတော်များအား ထာဝရ ဆွမ်းပဒေသာပင် တစ်ပင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် အပင်ပေါင်း ၂၀ အတွက် ဒေါ်ဌေးဌေးဝင်းမိသားစု ၁၈၇ ဘုရင့်နောင်လမ်းမကြီး အင်းစိန်မြို့နယ်က ဂေါပကအလုပ် အမှုဆောင်အဖွဲ့သို့ ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ယဉ်ကျေးလိမ္မာ နွေရာသီသင်တန်းဖွင့်မည်

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ နှစ်စဉ်ကျင်းပနေကျ လူငယ်များအတွက် ယဉ်ကျေးလိမ္မာ နွေရာသီ အင်္ဂလိပ်–မြန်မာသင်တန်းကို မတ်လကုန် ကျောင်းပိတ်ရက်တွင် နေ့စဉ်နံနက် ၈နာရီမှစတင်၍ သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများသည် ကျောင်းတော်ကြီးရုံး ဖုန်း–၅၄၄၉၃၈သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အာစရိယပူဇော်ပွဲ ကျင်းပမည်

ပဲခူးတိုင်း ကျောက်ကြီးမြို့ ပဲခူးရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ဟောင်း)နှင့် အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားပို့ချခဲ့ပြီး အငြိမ်းစား ယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၁၀ရက် နံနက်တွင် ပဲခူးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ရန်ကုန်မြို့တွင် ဦးသိန်းနိုင် ဖုန်း–၅၄၈၄၄၉၊ ဦးညွန့်ရွှေ ဖုန်း–၅၀၅၉၈၀၊ ဒေါ်ဝေမာသီ ဖုန်း–၇၂၃၀၃၀၊ မန္တလေးမြို့တွင် ဦးကျော်မင်းအောင် ဖုန်း–၃၁၀၆၀နှင့် ကျောက်ကြီးမြို့ ဖုန်း–၀၅၂–၂၁၅၉၂၊ ဦးထိန်ဝင်း လိုင်းခွဲ–၁၁၁နှင့် ဦးဝင်းအောင် လိုင်းခွဲ–၁၁၆ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

အော်တိုတယ်လီဖုန်း တပ်ဆင်

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးအကျိုးဆောင်အဖွဲ့ ကိုယ့်အားကိုယ်ကိုး အော်တိုတယ်လီဖုန်း တပ်ဆင်ရေးကော်မတီနှင့် ဝင်းရိုးမ အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် စီမံခန့်ခွဲမှုဒါရိုက်တာ ဦးထွန်းစိန်လှ၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင် စိန်ထွန်းတို့ ပူးပေါင်း၍ ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်းက စည်ပင်သာယာဈေး နယ်နိမိတ်အတွင်း ဈေးဆိုင်ခန်းများကို အော်တိုတယ်လီဖုန်း တပ်ဆင်ပေးခဲ့သည်။

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် သံရွာ လင်းရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မတ် ၅ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့နယ် သံရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး သံရွာစာကြည့်တိုက်သို့ သုတ၊ ရသမဂ္ဂဇင်းစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဝက်သက်ရောဂါ အသိပညာပေး ဆွေးနွေး

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ် ဝက်သက်ရောဂါ ကာကွယ်ရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ ခရိုင်အထူးကုဆေးရုံ သဇင်ဆောင်၌ ကျင်းပရာ ခေတ္တခရိုင် ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်သောင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးတို့က အမှာစကားပြောကြားပြီး ကလေးအထူးကု ဆရာဝန် ဒေါက်တာအောင်မိုးက စီမံချက် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အရိုးပါးရောဂါ ပညာပေးဟောပြော

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)တို့ ပူးပေါင်း၍ အမျိုးသမီးများတွင်ဖြစ်တတ်သော အရိုးပါးရောဂါအကြောင်း သိကောင်းစရာ လူထုပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ၂၇ ရက် နံနက်ပိုင်းက မကွေးမြို့တော်ခန်းမတွင်ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဦးအောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးကျော်မြင့်နိုင်က အမျိုးသမီးများတွင် ဖြစ်တတ်သော အရိုးပါးရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားခဲ့သည်။

မြစ်ကြီးနားမြို့ မဈေး သန့်ရှင်းရေးဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ အမှတ် (၁)ဈေး၊ အမှတ် (၂)ဈေးနှင့် ကမ်းနားလမ်း ဈေးကြီးများအတွင်း အပြင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်းနှင့် သားငါးများရောင်းချသည့် နေရာများတွင် ခြင်၊ယင်နှင့်အနံ့အသက်ဆိုးများ မရှိစေရေးအတွက် ဈေးစီမံချက်နှင့်အညီ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ဖေဖော်ဝါရီ ၁၃ရက်က ဦးစီးအရာရှိ ဦးခင်အောင်နီ၊ ဦးစီး(ဈေး)နှင့် ကျန်းမာရေးမှူး (၂) ဦးနေလင်းကျော် မြို့မဈေးကြီး (၃)ဈေးအတွင်း ရေလောင်းအိမ်သာများ၊ ဈေးရေမြောင်းများ၊ ဈေးကြီးများအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများ ကွင်းဆင်းကြီးကြပ်စစ်ဆေးပညာပေးပြောကြားသည့် လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

အရန်မီးသတ် အကြိုအခြေခံ သင်တန်းဖွင့်

မကွေးတိုင်း ပခုက္ကူမြို့ အမှတ် (၁၅) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဖွင့်လှစ်သည့် အရန်မီးသတ်အကြိုအခြေခံသင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် ညနေ ၆နာရီက အဆိုပါရုံး၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး ရဲကျော်စွာနေအေး၊ ရပ်မိရပ်ဖ ဦးခင်မောင်သန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က အမှာစကားပြောကြား ကြပြီး အရန်မီးသတ် ဝတ်စုံများကို သင်တန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်သန်းက မီးသတ်တပ်စုမှူးထံ ပေးအပ်သည်။

တံတားမြို့ အထက အာစရိယ ပူဇော်ပွဲ

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင် ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၂၀၀၆ ခုနှစ်အထိ အသက်၆၀ ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီး၊ ဆရာမကြီး ၃၈ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဧပြီ ၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် သီရိရတနာခန်းမ အထက တံတားမြို့တွင် ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း)ဖုန်း–၀၁–၅၇၉၅၄၂၊ ဦးထွန်းလှရွှေ ဖုန်း– ၀၅၆–၂၅၀၇၀၊ ဗိုလ်ကြီးတင်ယု ဖုန်း–၀၁–၇၂၈၂၇၁၊ ၀၉–၅၁၈၃၃၅၄၊ ဆရာမဒေါ်သန်းဌေး ဖုန်း–၀၁–၆၆၁၉၆၇၊ ဒေါ်မြစမ်း(စိမ့်စမ်းရည်နည်းပြ)ဖုန်း–၀၁–၅၄၃၄၅၂၊ ဒေါ်ဝင်းမြင့် ဖုန်း–၀၉–၅၁၃၂၆၁၃၊ဒေါ်စန်းစန်းနွယ် ဖုန်း– ၀၁–၅၄၃၈၂၆၊ ၀၉–၉၉၇၂၅၃၇နှင့် ဦးလှဝင်း (ကျောင်းအုပ်ကြီး အထက တံတားမြို့)ဖုန်း–၃၃၃၅၄၅၃၊ ၃၃၃၅၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်ဦးစီးဌာနရုံးသစ်နှင့် မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်အားပေး

ရန်ကုန် မတ် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ရုံးအဆောက်အအုံသစ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒေသခံတပ်နယ်မှ ဗိုလ်မှူးခင်မောင်ထူး၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသစ်ကို စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်သန်းဝင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောလှထွန်းနှင့် ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘင်ခရာ၊ အိုးစည်နှင့် ဒိုးပတ်အဖွဲ့များအား ဆုချီးမြှင့်ပြီး ချောင်းဦးမြို့နယ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသစ်ရှိ စာဖတ်ခန်း၌ ကျောင်းသားလူငယ်များက စာအုပ် စာစောင်များ ဖတ်ရှုနေမှုကို ကြည့်ရှု၍ ပညာ့အလင်းခေတ် စာကြည့်တိုက် (e-Library) အတွင်း ကြည့်ရှုစစ်ဆေးကာ ဖွင့်ပွဲသို့ တက်ရောက်လာကြသောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညနေပိုင်းတွင် ဝန်ကြီးသည် မဟာဗောဓိတစ်ထောင်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ စံကျောင်းသို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် အတူ သွားရောက်၍ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်၏ နာယက ဆရာတော် ဘဒ္ဒန္တသောဘိတအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မုံရွာမြို့နယ် ဗောဓိတစ်ထောင်တောင်ပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်၍ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြား အစီအစဉ်များကို အချိန်ပြည့်ထုတ်လွှင့်ပေးနိုင်ရေး၊ စက်ကိရိယာများ ရေရှည်ခိုင်ခံ့အောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စက်ကြံ့ခိုင်ရေးပြုလုပ်ရေး၊ စက်ရုံ မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်ဉာဏ်တော် ၄၂၄ပေ၊ ပလ္လင်အမြင့် ၄၄ပေ စုစုပေါင်းအမြင့်ပေ ၃၈၀ ရှိ လေးကျွန်းစကြာ ရုပ်တော်မှူမြတ်စွာဘုရားကြီးအတွင်းသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ်၁၀ ရက် နံနက်၈နာရီတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိရာ ပညာ့အလင်းပြ ခေတ်မီစာကြည့်တိုက်(e-Library)နှင့် စာကြည့်တိုက်အတွင်း ပြသထားသည့် ယင်းမာရတနာနံ့ရံကပ်စာစောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက်တာဝန်များကို သတ်မှတ်ချက်အတိုင်း အပြည့်အဝအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုလဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထပ်ဆင့်လွှင့်စက်ရုံ

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ်၁၂ရက် နံနက်၇နာရီခွဲတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအခမ်းအနားသို့ ဂန့်ဂေါခရိုင်နှင့် ထီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ထီးလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှအဖွဲ့ဝင်များ၊ထီးလင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မင်းဘူးဇုန် ဇုန်နယ်မှူး ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထီးလင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အား ဆုချီးမြှင့်ပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်လိုက်သော မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှာ လွှင့်အားဝပ်(၁၀၀)ရှိပြီး နိုင်ငံတော်က အဆောက်အအုံ တန်ဖိုးငွေကျပ် ၁၆၆ သိန်း၊ လွှင့်စက်တန်ဖိုးငွေကျပ် သိန်း ၃၀၀ အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းမြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို စတင်ထုတ်လွှင့်ပေးလျက်ရှိပြီး ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၉၀တို့မှ ပြည်သူများအနေဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့နယ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲကို တက်ရောက်အားပေးချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ဝိသာခါသီလရှင်ကျောင်းသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးအား အမှူးပြု၍ ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းပွဲနှင့် လှူဒါန်းမှုကိုအကြောင်းပြု၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၁)ရပ်ကွက် ရတနာလမ်းရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းအား အမှူးထား၍ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့်အဖွဲ့ဝင်များ ဝိသာခါသီလရှင်ကျောင်းသို့ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း ကိုယ်စား ဒုတိယဌာနကြီးမှူး ဒေါ်မြမြက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးကလှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို ဒုတိယဌာနကြီးမှူးနှင့်အဖွဲ့ဝင်များက ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းအုပ်ချုပ်သူ ဆရာကြီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ကိဿရထေရီနှင့် ဆရာကြီး ဓမ္မာစရိယ ဒေါ်ဇေယျာနန္ဒီတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးအဖွဲ့ဝင် ဒေါ်ရီးရီးက အဆိုပါကျောင်းရှိ သီလရှင်နှင့် ကျောင်းသား ကျောင်းသူများအား **"အသိကို အကျင့်ဖြင့်ပေါင်းပါ"** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယနေ့လှူဒါန်းသောအလှူငွေနှင့် ပစ္စည်းများကို ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေနှင့် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင်များက စုပေါင်းလှူဒါန်းကြပြီး လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၁၂၁၂၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးများသို့ ရန်ပုံငွေများ လှူဒါန်းပွဲကို မတ် ၁၇ ရက်က အစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်က မြို့နယ်အသီးသီးသို့ ရန်ပုံငွေ စုစုပေါင်းကျပ် ၂၃၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြား

ရန်ကုန် မတ် ၁၇

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ညနေ၃နာရီခွဲက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မေခခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ထို့နောက် အထွေထွေပိုင်းတွင် တက်ရောက်လာကြသူ ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြပြီး ပြပွဲဗဟိုကော်မတီနာယက ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နှုတ်ဆက်

အစည်းအဝေးအပြီးတွင် ဝန်ကြီးသည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများဆောက် လုပ်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံ–မြောက်/အနောက် ရပ်ကွက် သီရိဂုဏ်ရည်ခြံလမ်း အမှတ်၁၈နေ ဦးခင်မောင်စိန်–ဒေါ်မြင့်မြင့်အေး၊ သမီး မမိုးမြင့်မြတ်မောင် (ဆင်မင်း ဆပ်ပြာစက်) မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ပြောင်းလဲတိုးတက်နေသည့် ကွန်ပျူတာပညာရပ်များ လေ့လာသင်ယူ e-Government လုပ်ငန်းများ အောင်မြင်စေရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Government Online System ကို မဏ္ဍိုင်ပြု၍ e-Registration , e-Entrance, On Line D-form and Visa Project အတွက် Myanmar Unicode အသုံးပြုသည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်၁၀နာရီက နေပြည်တော်ရှိလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

သင်တန်းဆင်းပွဲတွင် ဝန်ကြီးက ကွန်ပျူတာအခြေခံပညာရပ်များကို သင်ကြားပေးခဲ့ပြီးဖြစ်၍ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်ရန် ဆက်လက်ကြိုးစားကြစေလိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ကွန်ပျူတာပညာရပ်များကိုလည်း လေ့လာသင်ယူသွားရန် လိုကြောင်း၊ e-Government လုပ်ငန်းများအောင်မြင်စေရန် ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက သင်တန်းတွင် ပထမဆုရရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးအောင်သူဟိန်း၊ ဒုတိယဆုရရှိသည့် အငယ်တန်းစာရေး ဦးမျိုးမင်းကျော်နှင့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်တို့အား ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

ဗဟန်းပြန်/ဆက် နယ်လှည့်စာကြည့်တိုက်ဖွင့် စာပေအကျိုးကျေးဇူး ကြီးမားပုံဟောပြော

ရန်ကုန် မတ် ၁၇

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မတ် ၁၃ရက် နံနက် ၁၁နာရီက ဗိုလ်ချို(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့်ဗိုလ်ချို(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးစန်းယုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်စာပေအကျိုးကျေးဇူး ကြီးမားပုံကို ရှင်းလင်း ဟောပြောသည်။ အလားတူ ဗိုလ်ချို(၂)ရပ်ကွက်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲရုံးတို့တွင်လည်း နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၇

အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်းအမှတ်(၃၇) သင်တန်းဆင်းပွဲကို မတ် ၁၅ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းသား စံပြဆုရ ဦးပုညနှင့်သင်တန်းသူစံပြဆုရ ဒေါ်ငွေဇင်မော်တို့အား ဆုများချီးမြှင့်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)အုန်းတောခန်းမ၌သင်တန်းဆင်းအမှာစကားပြောကြား၍ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သကြင်္ကန် ၁၀ရက် အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၇

ကမာရွတ်မြို့နယ် (၈)ရပ်ကွက် နာနတ်တောလမ်း ဣန္ဒာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၁၃)တွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (ကမ္မဋ္ဌာနာစရိယ) ဖြစ်တော်မူသော ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ) အရှင်သူမြတ်နှင့် တပည့်များက တန်ခူးလပြည့်ကျော် ၁၂ရက်မှ ကဆုန်လဆန်း ၇ရက် (ဧပြီ၁၃ရက်မှ ၂၂ရက်)အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ အချိန်မီ စာရင်းသွင်းနိုင်ကြောင်းနှိုးဆော်ထားသည်။

(က–ပ)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်အချို့တွင် ယာဉ်နံပါတ်ပြားများမှာ တစောင်းဖြစ်နေခြင်း၊ခြေနင်းဖြင့် ကွယ်ခြင်း၊ ဆေးရောင်ပျက်ပြယ်ပြီး မှိန်နေခြင်း၊ တွန့်လိမ်နေခြင်း၊ အစင်းကြောင်းများထင်နေခြင်း စသည့်အခြေအနေများ တွေ့ရှိနေရပြီး ဓာတ်ပုံမှတ်တမ်းတင်ပါကလည်း ပေါ်လွင်မှု မရှိခြင်းနှင့် ယာဉ်မတော်တဆမှု ဖြစ်ပွား၍ ထွက်ပြေးပါက မှတ်သားရန် ခက်ခဲခြင်းတို့တွေ့ရှိနေရသဖြင့် ချွတ်ယွင်းလျက်ရှိသည့် မော်တော်ယာဉ်နံပါတ်ပြားများအား ယာဉ်ပိုင်ရှင်များမှ အမြန်ဆုံး ပြုပြင်ကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တန့်ဆည်မြို့ ဒီဂျစ်တယ်လိုင်း ၆၀၀ အော်တိုအိတ်ချိန်းသစ်ကို ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

■ ကျောဖုံးမှ

ဝန်ကြီးများက အမှာစကားပြောကြားကြပြီး ဒေသခံများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ အမှတ်တရအလံများ၊ မြို့နယ်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အလှူငွေများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဘုတလင်မြို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းစခန်းသို့ရောက်ရှိကြပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ဘုတလင်မြို့အတွက် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဒီပဲယင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ဆက်သွယ်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား Republic of Kalmykia နိုင်ငံမှ ဝန်ကြီးများတွေ့ဆုံ

နေပြည်တော် မတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်း Republic of Kalmykia နိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Boris Chedyrov၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Mr. Tatarkhan R. Kubanov နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. Mgeladze တို့ ဦးဆောင်သောအဖွဲ့သည် မတ်၁၆ရက် နံနက်၉နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းညှိနှိုင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ အပ်ချုပ်စက်များထောက်ပံ့

ရန်ကုန် မတ် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၈ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၀၇ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်ကိုမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ဧည့်ပရိသတ်များသည် ခန်းမတွင်း၌ ပြသထားသည့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး ရုံးခန်းမအတွင်း ကျင်းပသော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာရှိ စက်ကြီးပန်းထိုးလုပ်ငန်း လုပ်ကိုင်သည့် အမျိုးသမီး များအား အပ်ချုပ်စက် ၁၅လုံး ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အပ်ချုပ်စက် ၁၅လုံးထောက်ပံ့ပေးအပ်ခဲ့ရာ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ရိုးကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးက လက်ခံရယူခဲ့ပြီး စက်ကြီးပန်းထိုးသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပွဲ ပဉ္စမနေ့အဖြစ် နံနက် ၉ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ဆက်လက်ကျင်းပသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄ နာရီမှ ည ၇ နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း၁၉တွဲကိုရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၄၂ တွဲကို ရောင်းချခဲ့ရသည်။

ဈေးပြိုင်စနစ်

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၃၇ တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ညနေပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိသည်။

ရောင်းချ

အဆိုပါ ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၃ ရက်မှ မတ် ၁၇ရက်အထိ ငါးရက်အတွင်း ကျောက်စိမ်း အတွဲပေါင်း ၃၂၇၈ တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံတို့မှ ရတနာကုန်သည် ၂၀၆၁ ဦးနှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၁၃၄၉ဦး စုစုပေါင်း ၃၄၁၀ တို့ တက်ရောက်ဝယ်ယူလျက်ရှိကြသည်။

ရောင်းချမည်

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဆဋ္ဌမနေ့အဖြစ် မတ်၁၈ရက် **(ယနေ့)** တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ရှေးဦးစွာ ငွေဆောင်မြို့ စုပေါင်းရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းထွန်းက ကတ္တရာလမ်းသစ် ဖောက်လုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အလံပေးအပ်

ဆက်လက်၍ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးစိုးတင့်က ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများအား လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်သည်။

ဖွင့်လှစ်

ယင်းနောက် ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းအသစ်မှာ အရှည်ပေ ၄၅၀၀၊ အကျယ် ၁၄ ပေရှိပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၈၈ သိန်းတို့ ကုန်ကျခံကာ ၂၀၀၆ ခုနှစ်အတွင်း စတင်ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဆေးရုံအဝင်မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့က ဖဲကြိုးဖြတ်၍ ပြည်သူ့ဆေးရုံ (ငွေဆောင်)ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စက်ခလုတ်နှိပ်၍ ပြည်သူ့ဆေးရုံ(ငွေဆောင်) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆေးရုံ၏ ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အကုန်အကျခံ

အဆိုပါဆေးရုံသည် အလျား ၁၄၂ ပေ၊ အနံ ၁၂၄ ပေရှိ ပင်မအဆောက်အအုံနှင့် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ သီးသန့်ခန်း၊ ဆရာဝန်နှင့်သူနာပြုများအခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် အစည်းအဝေးခန်းများ ပါဝင်၍ ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၇ ခုနှစ် မတ်လတွင် ပြီးစီးကာ နိုင်ငံတော်က ငွေကျပ် ၁၅၉၈ ဒသမ ၄ သိန်း အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အလှူငွေနှင့် ဆေးရုံသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက ပြည်သူ့ဆေးရုံ(ငွေဆောင်) တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ပေးအပ်

ယင်းနောက် ပြည်သူ့ဆေးရုံ (ငွေဆောင်)အတွက် အလှူငွေနှင့်ဆေးရုံသုံး ပစ္စည်းများအဖြစ် Palm Beach Hotel က ခုတင်လေးလုံးနှင့် ချုံစုပ်စက်တစ်လုံး၊ ယုဇနကုမ္ပဏီက ဆေးရုံသုံး ပစ္စည်းရှစ်မျိုး၊ Sunny Paradise Hotel က အောက်စီဂျင်စက်၊ ချုံစုပ်စက်နှင့် Nevaliza တစ်ခု၊ ရွှေမိသားစု ကုမ္ပဏီက 20KVA မီးစက်တစ်လုံး၊ မြပင်လယ်ဟိုတယ်က ပိုးသတ်ဆေးဘူး၊ အိုလံပစ်ဟိုတယ်၊ ရောင်ခြည်ထွန်းတောက်ကုမ္ပဏီ၊ Silver View Hotel၊ ရွှေခရုဟိုတယ်နှင့် ပုလဲငွေဆောင်ဟိုတယ်၊ ရွှေသဇင်ဟိုတယ်၊ AMBO Hotel၊ ရွှေဟင်္သာဟိုတယ်နှင့် Palm Beach Hotel တို့က ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆေးပဒေသာပင်

ပြည်သူ့ဆေးရုံ(ငွေဆောင်)အတွက် စေတနာရှင် အလှူရှင်များ လှူဒါန်းမှုမှာ ဆေးပဒေသာပင် လှူဒါန်းငွေကျပ်သိန်း၁၀၀နှင့် ငါးသောင်းဖြစ်ပြီး ဆေးရုံသုံးပစ္စည်းတန်ဖိုးငွေမှာ ငွေကျပ် ၆၈ သိန်း ဖြစ်၍ စုစုပေါင်း ငွေကျပ် ၁၆၈သိန်း ငါးသောင်း ဖြစ်သည်။

ကျေးဇူးတင်စကား

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးအား တာဝန်ရှိသူများက ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ် ပစ္စည်းများကို ပေးအပ်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မှ ပြန်လည် ထွက်ခွာလာကြရာ မတ် ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံသို့ နို့မှုန့်များ လာရောက်လှူဒါန်း

ရန်ကုန် မတ် ၁၇

အမှတ်(၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၌ ဆေးရုံ တက်ရောက်လျက်ရှိသော ကလေးငယ်များအတွက် ရန်ကုန်မြို့ရှိ Mo Asia Co.,Ltd. (Dumex)မှ ဒေါက်တာဇူူတီကြည်နှင့်အဖွဲ့က ငွေကျပ် ၁၂၈၀၀၀၀ တန်ဖိုးရှိ နို့မှုန့်များကို မတ် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)သို့ လာရောက်လှူဒါန်းရာ ဆေးရုံတပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွှန့်က လက်ခံပြီး **(အောက်ပုံ)** ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်ဖွဲ့ဝင်မိသားစုများအား အဝတ်အထည်များနှင့် ရုပ်မြင်သံကြားစက်၊ ဗီစီဒီပြစက်များကို ထောက်ပံ့ပေးအပ်ပြီး တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ဆိပ်သာကျေးရွာအုပ်စုသို့ သွားရောက်ကြ၍ ညောင်ကုန်းကျေးရွာ၏ နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြပြီး ရွှေကူအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရည်မွန်က ဆိပ်သာကျေးရွာအုပ်စု၏ နွေစပါး စိုက်ပျိုးရန် လျာထားမှုသည် ၁၁၂၅ ဧကဖြစ်ပြီး စိုက်ပျိုးနိုင်မှုမှာ ၁၁၂၂ ဧက ဖြစ်ကြောင်း၊ ရွှေကူမြို့နယ်၏ နွေစပါးလျာထားချက်သည် ၈၂၃၅ ဧကဖြစ်ပြီး ယနေ့အထိ စိုက်ပျိုးနိုင်မှုမှာ ၅၀၈၁ ဧကဖြစ်ကြောင်း၊ ယမန်နှစ်စိုက်ပျိုးမှု ၄၉၄၉ ဧကထက် ၁၃၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ခရိုင်ဆည်မြောင်းဦးစီးဌာန မန်နေဂျာ ဦးကျော်ကျော်နိုင်၊ ခရိုင်မြေစာရင်းဦးစီးဌာန မန်နေဂျာ ဦးမျိုးမင်းနှင့် ခရိုင်မြန်မာ့ စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးချစ်လွင်တို့က ဒေသတွင်းဆည်နှင့် စပါးစိုက်ပျိုးမှုအခြေအနေ၊ လယ်ယာမြေဖော်ထုတ်၍ စပါးတိုးချဲ့စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆိပ်သာကျေးရွာအုပ်စုမှ ဒေသခံပြည်သူများက ဆိပ်သာ ကျေးရွာအုပ်စု၌ မိုးကာလတွင် ရေဝင်ရောက်သော မြေဧရိယာများ၌ ရေကို ဖောက်ထုတ်၍ သီးနှံစိုက်ပျိုးမြေ ပိုမိုတိုးတက်လာနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သီးနှံစိုက်ပျိုးမှုကို စပါးတစ်မျိုးတည်းမဟုတ်ဘဲ သီးထပ်အဖြစ် အခြားသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးကြပြီး ဝင်ငွေ တိုးတက် ရရှိအောင် လုပ်ဆောင်သွားကြရန်နှင့် ဒေသ၏စိုက်ပျိုးရေးလိုအပ်ချက်များကို ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညောင်ကုန်းကျေးရွာ နွေစပါး စိုက်ခင်း၌ တောင်သူများ မြေသြဇာကြဲပက်နေမှုနှင့် နွေစပါးရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့သွားရောက်ကြကာ မြို့မပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်နှင့် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်သြဝါဒ စရိယမြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇဝနအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၏ ကျန်းမာရေးအတွက် လှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းသည်။

အောင်မြင်အောင်ထမ်းဆောင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ် ရွှေကူမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင် က ဆေးရုံရှိ ခွဲစိတ်ခန်း၊ခွဲစိတ်ပြီး လူနာဆောင်၊ အရေးပေါ်လူနာခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆေးရုံအစည်းအဝေး ခန်းမ၌ ကျန်းမာရေးဝန်ထမ်းများအား ပြည်သူများကို စေတနာအပြည့်ထားရှိ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတာဝန်များကို ပိုမိုတိုးတက်အောင်မြင်အောင် ထမ်းဆောင် သွားကြရန် မှာကြားသည်။

ဒေသဖွံ့ဖြိုးရေးမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေကူမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရွှေကူမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေကူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ရွှေကူမြို့ရှိ ရပ်ကွက်လေးရပ်ကွက်မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း

ရှေးဦးစွာ ရွှေကူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရည်မွန်က ဒေသဆိုင်ရာအချက်အလက်များနှင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုအခြေအနေ၊ ရော်ဘာကို ၂၀၀၆–၂၀၀၇ခုနှစ်တွင် ၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၅၁ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ခြံစည်းရိုးကြက်ဆူကို ၂၀၀၇–၂၀၀၈ခုနှစ်တွင် ဧက ၂၇၅၀၀ စိုက်ပျိုးရန် လျာထားပြီး ၉၃၀၂ ဧက စိုက်ပျိုးနိုင်ကာ ၅၈၇ဧကအတွက် ပျိုးထောင်ပြီးစီးမှုအခြေအနေ၊ ဒေသဝမ်းစာ ဖူလုံမှုအနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၂၂၄ ဒသမ ၅၄ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၂၆၂ ဒသမ ၂၄ ရာခိုင်နှုန်းရှိမှုအခြေအနေ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် နိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် မြို့နယ်မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက် များ ကိုလည်းကောင်း၊ ရွှေကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တို့မှ တာဝန်ရှိသူများက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဗန်းမော်ခရိုင်နှင့် ရွှေကူမြို့နယ်အတွင်း ဆောင်ရွက်ရန်ရှိသည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေ များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရွှေကူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်နိုင်သို့လည်းကောင်း၊ ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်ပညာ ရေးမှူး ဦးစိုင်းအုန်းလှိုင်သို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့အား အသင်းဝတ်စုံ များကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

လိုအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် မိမိသည် ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ၏ အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒေသအစိတ်အပိုင်းအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှုသည် များစွာအရေးပါ ကြောင်း၊ ထို့အပြင် တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားရေး အခြေခံအဆောက် အအုံများ ကောင်းမွန်မှုတို့အပြင် ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ပေးမည့် လူ့စွမ်းအား အရင်းအနှီးများ ပြည့်စုံရန်လည်း လိုအပ်ကြောင်း၊

ပူးပေါင်းကြိုးပမ်း

ထို့ကြောင့် မိမိဒေသ၏ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများ ပိုမို တိုးတက်အောင်မြင်ရေးတို့အတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေကူမြို့ဖွံ့ဖြိုးတိုးတက်မှု များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရွှေကူမြို့၌ ညအိပ် ရပ်နားသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပျဉ်းမနား (မြောက်)သစ်ထုတ်ရေးဒေသ နန်းချိုကြိုးဝိုင်းအတွင်းတွင် ကြည့်ရှုစစ်ဆေး စဉ်။ (သစ်တော)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြည်ပမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှား သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများကောင်စီညီလာခံနှင့် ဒုတိယ အကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့နံနက်ပိုင်းက နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက် ကြသည်။ **(အောက်ပုံ)**

အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်လည်း ဝန်ကြီးနှင့်အတူ ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပျဉ်းမနားသစ်ထုတ်ရေးဒေသ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပျဉ်းမနား(မြောက်) သစ်ထုတ်ရေးဒေသ၊ နန်းချိုသစ်ထုတ်ရေးနယ်၊ ခေါ်မသစ်ဆိပ်သို့ရောက်ရှိလာရာ သစ်တောဦးစီးဌာန ပျဉ်းမနားခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သစ်ထုတ်ရေးဌာန အထွေထွေမန်နေဂျာ ဦးဝင်းလွင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား(မြောက်)သစ်ထုတ်လုပ်ရေးဒေသ နန်းချိုကြိုးဝိုင်းအတွင်း သစ်ထုတ်နေသည့် နေရာသို့ရောက်ရှိလာရာ သစ်ထုတ်နေသည့် အရှေ့ရွှေရိုးမကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသမန်နေဂျာ ဦးစောဂျိမ်း ကလိုးဝါးတို့က သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို စစ်ဆေးမှာကြားသည်။ ထို့နောက် ဝန်ကြီးက သစ်ထုတ်နေသည့်အခြေအနေနှင့် ကြိုးဝိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက် – ကျန်းမာရေး

အိပ်ရေးပျက်မှုများပါက ဝေဖန်ပိုင်းခြားမှုထိခိုက်နိုင်

ညပိုင်းအိပ်ရေးပျက်ပါက အမှားအမှန်ဝေဖန်ပိုင်းခြားမှုစွမ်းအား ထိခိုက် နိုင်ကြောင်း အမေရိကန်သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

နှစ်ရက်ခန့် ဆက်တိုက်အိပ်ရေးပျက်ပါက ကိစ္စရပ်များကို လျင်မြန်စွာ ဆုံးဖြတ်ချက်များချရာတွင်လည်းကောင်း၊ လှုပ်ရှားမှုတွင်လည်းကောင်း ထိခိုက် လာကြောင်း တွေ့ရှိရသည်ဟု အဆိုပါ သုတေသနပြုချက်၌ ဖော်ပြသည်။

ဆရာဝန်များအပါအဝင် အခြားသောပုဂ္ဂိုလ်အများအပြားအနေဖြင့် အိပ်ရေးပျက်မှုများပါက ဆုံးဖြတ်ချက်များကို မြန်မြန်ဆန်ဆန်မချနိုင်ကြ သည်ကို တွေ့ရသည်ဟု ဆိုသည်။

သုတေသနပညာရှင်များ၏ ပြောကြားချက်အရ လူတစ်ဦးသည် တစ်နေ့လျှင် ရှစ်နာရီခန့် အိပ်စက်အနားယူရမည်ဖြစ်ကြောင်း၊ သို့မှသာ ဦးနှောက် ပုံမှန်အလုပ်လုပ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား–အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရုရှားခရီးသည်တင်လေယာဉ် ပျက်ကျ၊ အနည်းဆုံးခုနစ်ဦးသေဆုံး၊ ၅၂ ဦးဒဏ်ရာရရှိ

မော်စကို မတ် ၁၇

ရုရှားနိုင်ငံအလယ်ပိုင်း ဆာမရာမြို့၌ ခရီးသည်လေယာဉ်တစ်စင်းသည် မတ် ၁၇ ရက်က အရေးပေါ်ဆင်းသက်စဉ် ထိုးကျခဲ့သဖြင့် အနည်းဆုံးလူ ခုနစ်ဦး သေဆုံးပြီး၊ ၅၂ ဦးဒဏ်ရာ ရရှိသွားကြောင်း လေကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ခရီးသည်လေယာဉ် Tu-134 ဂျက်လေယာဉ်သည် မော်စကိုမြို့ အရှေ့တောင်ဘက် မိုင် ၅၅၀ အကွာရှိ ဆာမရာမြို့၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်က အရေးပေါ် ဆင်းသက်စဉ် ထိုးကျခဲ့ခြင်း ဖြစ်ကြောင်း ယင်းတာဝန်ရှိသူများက ပြောကြားသည်။

ယင်းလေယာဉ်သည် အဆင်းပုံစံ မမှန်ခဲ့သဖြင့် လေယာဉ်ကိုယ်ထည် ကျိုးပြတ်သွားကြောင်း ရုရှားအရေး ပေါ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ၎င်းလေယာဉ်သည် ခရီးသည် ၅၀ နှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးတို့ကို တင်ဆောင်ကာ မော်စကိုမြို့ အရှေ့ဘက် မိုင်ပေါင်း ၁၄၀၀ အကွာရှိ ဆားဘီးယားမြို့ ဖြစ်သည့် ဆာဂတ်မြို့မှ ပျံသန်းလာခြင်းဖြစ်ကြောင်း ယင်းအမျိုးသမီးက ဆက်လက်ပြောကြားသည်။

(ကိုးကား–အင်တာနက်)

"အန်တီစုသို့ အိတ်ဖွင့်ပေးစာ" အန်တီစု လာရာလမ်းကိုပြန်သွားပါ

ဝသာန်

"ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆိုတဲ့ သတင်းစာဆောင်းပါးကို ဖတ်ရတော့မှ ကျွန်တော်လည်း အန်တီစုအကြောင်းကို ပြန်သတိရလိုက်မိတယ်။ ကျွန်တော်မှတ်မိသလောက်တော့ ၁၉၈၆ခုနှစ်ပတ်ဝန်းကျင်လောက်ကဖြစ်မယ်ထင်ပါတယ်။ ပေဖူးလွှာမဂ္ဂဇင်းမှာ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးရေးတဲ့ အန်တီစုရဲ့အမေ ဒေါ်ခင်ကြည်အကြောင်း ဆောင်းပါးတွေကိုဖတ်ရတော့မှ ဗိုလ်ချုပ်အောင်ဆန်းရဲ့မိသားစုဆိုတာကို မှတ်မှတ်မိမိ ပြန်သတိပြုမိလာတော့တာပါ။

အဲဒီနောက်မှာ ဆက်တိုက်ပဲ အန်တီစုတို့မိသားစု ရန်ကုန်ပြန်လာခွင့်ရပုံ၊ သားတွေရှင်ပြုပေးပုံတွေကို မြင်တွေ့ခွင့်ရ၊ ဖတ်ရှုခွင့်ရပြီး သိခဲ့ရပြန်ပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့အရွယ် (၁၅နှစ်သား)လောက်ရဲ့ အတွေးနဲ့တောင် တော်တော်ခါးခါးသီးသီးနဲ့ အန်တီစုကို မနှစ်မြို့ခဲ့ပါဘူး။ ကလေးအတွေးလောက်နဲ့တင် **"ဟာကွာ–ဘယ်လိုကြီးလဲ။ ဒို့ဗိုလ်ချုပ်ရဲ့ သမီးတဲ့ကွာ၊ ဘာလို့နိုင်ငံခြားသားကြီးယူရတာလဲ။ အဲဒီကလေးတွေကို ဘယ်လိုလုပ်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးဆက်တွေလို့ ယုံကြည်ပေးလို့ ရပါ့မလဲ"** ဆိုပြီး ခါးသီးခဲ့မိရပါတယ်။ အန်တီစုရယ် လုပ်ရက်လေခြင်း၊ ဘယ်လိုအကြောင်းတွေပဲရှိရှိ၊ ဒီလိုမျိုးကြီးတော့ ကိုယ့်ရဲ့မျိုးရိုးဗီဇကို ဖျက်ဆီးမပစ်သင့်ဘူးလို့ လူလားမမြောက်သေးတဲ့ကလေးအတွေးနဲ့တောင်မှ ကျွန်တော့်မှာ ယူကျုံးမရဖြစ်ခဲ့ရတာပါ။

ဗိုလ်ချုပ်ဆိုတာ ကျွန်တော်တို့ရဲ့ အာရုံတွေထဲမှာတော့ တခမ်းတနားနဲ့ ကြီးမြတ်တယ်လို့ ခံယူထားရှိခဲ့ကြတာပါ။ အခုတော့ ရောက်လေရာဘဝကနေ ဗိုလ်ချုပ်သာမြင်ရင် ရင်ကျိုးရမယ့်အဖြစ်မျိုးကို အန်တီစု လုပ်ရက်ခဲ့တာပါ။ အန်တီစုကတော့ပြောမှာပါ၊ ငါဒီအခြေအနေရောက်အောင်၊ ဒီအနေအထားရောက်အောင် ကျုံးသွင်းခံခဲ့ရတာ၊ ဖန်တီးခံခဲ့ရတာလို့။ ဒါပေမယ့် အဲဒီစကားမျိုးက ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ပိုမိုပြီး စော်ကားလိုက်သလိုပဲရှိမှာပါ။ အန်တီစုက လမ်းပေါ်ကလူ မဟုတ်ဘူးလေ။ ယုံကြည်ချက်၊ ခံယူချက်နဲ့ မျိုးချစ်စိတ်အင်မတန်ပြင်းပြတဲ့ ဗိုလ်ချုပ်ရဲ့သွေး၊ ဗိုလ်ချုပ်ရဲ့မျိုးဆက်ပါ။

စောင့်လေမျိုးနွယ်ဆိုတဲ့စကား မကြားဖူးလောက်အောင်များ အန်တီစုရဲ့ ဘဝပေးအခြေအနေက ဆိုးရွားခဲ့လို့လား။ ခဲယဉ်းတဲ့၊ ပင်ပန်းတဲ့ အချိန်ကာလ အကြိမ်ကြိမ်ကို ယုံကြည်ချက်အတွက် တစ်စက်မှ နောက်မတွန့်ဘဲ ဗိုလ်ချုပ်ကျော်ဖြတ်ခဲ့တာဟာ အန်တီစုအတွက် စံနမူနာမဖြစ်ခဲ့ဘူးလား။ ကြုံရာကျရာ နီးစပ်ရာလူတစ်ယောက်ကို လက်ထပ်ပြီး လွယ်လွယ်ကူကူနဲ့ မျိုးရိုးပျက်သုဉ်းခံရလောက်အောင် မဖြစ်သင့်ပါဘူး။ အန်တီစုဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ အဓိကကျတဲ့ မျိုးရိုးက ဆင်းသက်ခဲ့တာ မဟုတ်ပါလား။

ပေဖူးလွှာ မဂ္ဂဇင်းမှာ အန်တီစုတို့မိသားစုဓာတ်ပုံတွေ့လိုက်ရကတည်းက တခြားသူတွေတော့မသိဘူး၊ ကျွန်တော့်မှာ ငိုချင်တာရော၊ ဝမ်းနည်းတာရော၊ စိတ်ဓာတ်တွေကျပြီး အားကိုးရာမဲ့သလိုမျိုးကြီးရော အစုံကို ခံစားလိုက်ရတာပါ။ ငါးမင်းဆွေရေးထားသလိုပါပဲ အဲဒီအချိန်တုန်းက ကျွန်တော်တို့ပြည်သူတွေ မဆလရဲ့မှားယွင်းတဲ့ စီးပွားရေးစနစ်အောက်မှာ မလူးသာမလွန့်သာနဲ့ ကြုံနေကြရတဲ့အချိန်ပါ။ ဆန်ဆိုရင် ပြည်သူ့ဆိုင်မှာတန်းစီထုတ်၊ ဆီဆိုရင်လည်း ထိုနည်းလည်းကောင်းနဲ့၊ စားဖို့သာမက ဝတ်ဖို့နဲ့ နောက်ဆုံးအပ်ချည်လုံးဆိုတာတောင် ပြည်သူ့ဆိုင်က ထုတ်ကုန်စာရင်းမှာ ပါခဲ့တာပါ။ အဲဒီအချိန်မျိုးမှာ ကျွန်တော်တို့ပြည်သူတွေ ကူကယ်မယ့်သူ ရှိလိုရှိငြားဆိုပြီး နောက်ဆုံးကောက်ရိုးတစ်မျှင်လို ဗိုလ်ချုပ်မျိုးဆက်ကို မျှော်ခဲ့ကြတာပါ။ ပေါ်မယ့်ပေါ်လာတော့ အန်တီစုက ဓာတ်ပျက်တဲ့ဘဝကို ရောက်နေပြီလေ။

ရှစ်လေးလုံးအရေးအခင်းရဲ့အစဟာ တိုင်းပြည်ဆင်းရဲကျပ်တည်းလို့၊ ဆန်တစ်ပြည်အစိတ်(၂၅ကျပ်)ဖြစ်သွားလို့၊ ပြည်သူတွေငတ်ကုန်လို့ဆိုတာထက် အဲဒီအချိန်ရဲ့အကြိုကာလဖြစ်တဲ့ ၁၉၈၆–၈၇ ပေဖူးလွှာမဂ္ဂဇင်းမှာ ဆက်တိုက်ရေးသားဖော်ပြခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးရဲ့ ဆောင်းပါးတွေကနေ အစပျိုးပေးခဲ့တာပါ။ ပြည်သူအားလုံးရဲ့ စိတ်ထဲကို ဗိုလ်ချုပ်ရဲ့သွေးဆိုတာ ရှိပါသေးလား၊ ငါတို့အားကိုးလို့ ရသေးတာပဲ၊ မဆလရဲ့ အုပ်ချုပ်ရေး ယန္တရားကိုမကြိုက်ရင် ငါတို့ငြင်းပယ်လို့ရတာပဲ ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ ဗိုလ်ချုပ်ရဲ့မိသားစုဟာ ဆင်းဆင်းရဲရဲ ပစ်ပယ်ခံထားရတာပဲဆိုပြီး ပြည်သူရဲ့မကျေနပ်မှုတွေကို ပေဖူးလွှာဆောင်းပါးများက မီးထိုးပေးခဲ့တာပါ။

ကျွန်တော်တို့အားလုံး အန်တီစုကို မျှော်လင့်ခဲ့ကြတာပါ။ အန်တီစုရဲ့ ရှေ့ကနေ ပြည်သူတွေ၊ ကျောင်းသားတွေ အကုန်လုံး စတေးပေးခဲ့ကြတာပါ။ သူ့ရဲကောင်းတစ်ဦးကိုတင်မြှောက်သလို မြှောက်စားပေးခဲ့ကြတာပါ။ ဒါပေမယ့် တကယ်တမ်းကျတော့ အများကဆွဲတင်လို့သာ ဘာမှန်းညာမှန်းမသိဘဲ အန်တီစုနေရာရလာခဲ့တာ။ တကယ်တမ်းတော့ အန်တီစုဟာ နိုင်ငံရေးအနှစ်သာရနဲ့ နိုင်ငံရေးနည်းပရိယာယ်များကို ကောင်းစွာ မကျွမ်းကျင်ခဲ့ဘူး၊ မရင်းနှီး မယဉ်ပါးခဲ့ဘူးဆိုတာကို ကြာလာလေ မှားသွားပြီမှန်း ပိုသိလေနဲ့ ကျွန်တော်တို့ မှားခဲ့ကြရပါတယ်။

အရေးအခင်းကာလက ရန်ကုန်မြို့ရဲ့ ကုန်သွယ်ရေးရုံးကပြဿနာမျိုးလေးမှာတောင် သွေးကြွစိတ်လှုပ်ရှားပြီး ရမ်းကားချင်နေတဲ့ လူအုပ်ကိုတောင် အန်တီစု မထိန်းနိုင်ခဲ့ဘူး။ ကျွန်တော်မှတ်မိသလောက်တော့ အဲဒီအချိန်က အဲဒီဖြစ်စဉ်မှာ ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့ကြလို့ လူတစ်ဦးတစ်ယောက်မျှ အသက်မဆုံးရှုံးခဲ့ရပါဘူး။ အရေးအခင်းကာလမှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် ထိခိုက်နစ်နာမှု မရှိအောင် အန်တီစု ဘာများစီမံပေးနိုင်ခဲ့ပါသလဲ။ တရားပွဲတွေလုပ်မယ်၊ ပြည်သူကို သွေးကြွစေမယ်၊ ဓားစာခံလုပ်ခိုင်းတယ်။ လုံခြုံတဲ့နောက်ကွယ်မှာ ဘေးရန်ကင်းစွာနဲ့ အန်တီစုက ညွှန်ကြားတယ်။ အဲဒီအချိန်က ပြဿနာကိုလည်း မရှင်းနိုင်ခဲ့ဘူး။ ကျွန်တော်တို့တစ်တွေ အများကြီးဆုံးရှုံးခဲ့ပြီး ဓားစာခံပေးခဲ့ပေမယ့်လည်း ရရှိလာတဲ့အခွင့်ကောင်းကို အန်တီစု ပါးပါးနပ်နပ် အသုံးမချနိုင်ခဲ့ဘူး။

နိုင်ငံရေး၊ နိုင်ငံရေးနဲ့ပဲအော်နေပြီး ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို အန်တီစု ဖန်တီးမပေးနိုင်ခဲ့ပါဘူး။ နိုင်ငံရေးအတွက်ပဲ လိုအပ်ရင် ဘယ်သူနဲ့မဆို ပေါင်းရလိမ့်မယ်ဆိုပြီးတော့ ကျွန်တော်တို့ပြည်သူအများစု ဘာမျှနားမလည်တဲ့ နိုင်ငံရေးကိစ္စတွေနဲ့ပဲ အန်တီစု ခြေရှုပ်နေခဲ့တယ်။ ကွန်မြူနစ်လည်း ပေါင်းမှာပဲ၊ မျိုးချစ်ရဲဘော်ဟောင်းဆိုလည်း ပေါင်းမှာပဲ။ အာဏာယူရမယ်၊ အာဏာကိုလွှဲပြောင်းယူနိုင်ရေးသည်သာ အန္တိမရည်မှန်းချက်ဆိုတာနဲ့ အန်တီစုတစ်ယောက် ဖတ်ဖတ်မောခဲ့တာမို့ ကျွန်တော်တို့ပြည်သူအားလုံး ဒီအချိန်မှာ ရင်ပတ်နောက်မှာ ကျောပဲ ကျန်ပါတော့တယ်။

ပြည်သူအများစုက နိုင်ငံရေးကိုစိတ်မဝင်စားပါဘူး။ နားလဲမလည်ပါဘူး။ ကျွန်တော်တို့တစ်တွေ လုံလုံခြုံခြုံနေရမယ်၊ အေးအေးချမ်းချမ်း ရှိနေမယ်၊ တရားဥပဒေစိုးမိုးမှုရှိမယ်၊ အခြေခံစားဝတ်နေရေးပြေလည်နေမယ်ဆိုရင် ပြည်သူအများစုက ဘယ်သူပဲအုပ်ချုပ် အုပ်ချုပ် စိတ်မဝင်စားပါဘူး။

နောက်တစ်ခုက **အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ လုံးဝဥဿုံ စိတ်သဘောထားတူညီကြမယ်၊ ပြောစရာမရှိအောင် စိတ်ကြိုက်ဖြစ်ကြမယ်လို့ မရှိနိုင်ပါဘူး။ မိဘနဲ့ သားသမီးလိုဖြစ်နေမှာပါပဲ။ အုပ်ချုပ်တဲ့သူဟာ မိဘလိုပါပဲ၊ အလိုလိုက်ချင်ပေမယ့် လိုအပ်တဲ့စည်းကမ်းမျိုးစုံနဲ့ မပျက်မစီးရလေအောင် အုပ်ထိန်းရမှာပါပဲ။ တင်းကျပ်တယ်၊ လိုက်နာရခက်ခဲတယ်ထင်ရင် အအုပ်ထိန်းခံသူများကလည်း ဝေဖန်ပြစ်တင်ညည်းညူမိမှာပါပဲ။ ဒါဟာ လောကဓမ္မတာ ထုံးတမ်းစဉ်လာတွေပဲမို့လို့ ဘာမျှ မထူးဆန်းပါဘူးလို့ပြောရင်လည်း ရပါလိမ့်မယ်။ လောကမှာ လုံးဝ အပြစ်ပြောစရာမရှိအောင် ပြည့်စုံတဲ့ အုပ်ချုပ်ရေးယန္တရားကို မျှော်လင့်တယ်ဆိုရင်တော့ ကျွန်တော်တို့ သိပ်စိတ်ကူးယဉ်လွန်းရာ ကျနေပါတယ်။**

ကမ္ဘာကြီးပေါ်က တခြားအုပ်ချုပ်သူတွေလိုပဲ အခုလက်ရှိ ကျွန်တော်တို့ရဲ့ အစိုးရ၊ အုပ်ချုပ်သူများဟာ ကောင်းကွက်ရော ဆိုးကွက်ပါ ရောထွေးရှိနေမှာပါ။ စက်ရုပ်တွေမှမဟုတ်တာ အန်တီစုရာ။ အန်တီစု ကိုယ်တိုင်ဆိုရင်ရော ခြောက်ပစ်ကင်းနိုင်ပါ့မလား။ လူသားမှာ ကောင်းကွက်ရှိသလို၊ ဆိုးကွက်ရှိမှာပါပဲ။ အားသာချက်ရှိသလို အားနည်းချက်ရှိမှာပါပဲ။ ဒါဟာ ဘာမျှထူးဆန်းတဲ့ကိစ္စမဟုတ်ဘူးလို့ပဲ ထင်ပါတယ်။

အန်တီစုတစ်ယောက် အလုံးစုံပျက်သုဉ်းရေးကိုပဲ ဦးတည်ကြွေးကြော်နေပြီးတော့ ဘာကြောင့်များ Win-Win နည်းလမ်းကို မကျင့်သုံးနိုင်ဖြစ်နေရလဲဆိုတာ ကျွန်တော်တို့ တကယ်နားမလည်တာပါ။ လိုအပ်တာကို ဖြည့်ပေးမယ်၊ မှားနေတာကို မေတ္တာနဲ့ထောက်ပြမယ်။ အုပ်ချုပ်သူများရဲ့ ဦးတည်ချက်ကလည်း တိုင်းပြည်ကောင်းဖို့၊ အန်တီစုရဲ့ ရည်မှန်းချက်ကလည်း တိုင်းပြည်ကောင်းဖို့ဆို၊ အဲဒီလိုဘာလို့ လက်တွဲပြီး မလုပ်နိုင်တာလဲ၊ လူတစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း တိုင်းပြည်အပေါ် ယုတ်မာပါစေ၊ အန်တီစုမယုတ်မာရဘူး၊ မပါရဘူး။ ဘာလို့လဲဆိုတော့ အန်တီစုက ကျွန်တော်တို့ဗိုလ်ချုပ်ရဲ့သမီးမို့ပါ။ အန်တီစု ကောင်းပေးရမယ်၊ ကောင်းပေးနိုင်ရမယ်။

အန်တီစု ဘာမျှလုပ်မပေးနိုင်တော့ဘူးဆိုရင်လည်း ပြန်ပါ၊ အန်တီစု လာရာလမ်းကိုပြန်သွားပါ။ ဒီတိုင်းပြည်ကို မခင်တွယ်ဘဲနဲ့၊ တကယ်မချစ်ဘဲနဲ့၊ တကယ်မကောင်းစေချင်ဘဲနဲ့တော့၊ အန်တီစု ကိုယ်တိုင်က ကိုယ့်အိမ်လို့မသတ်မှတ်ဘဲနဲ့တော့ ဒီမှာမနေပါနဲ့တော့၊ ဒုက္ခမပေးပါနဲ့တော့။ အန်တီစုသာ ဒီတိုင်းပြည်ကို ကိုယ့်အိမ်လို့ သတ်မှတ်ရင် ဘယ်သူကမျှ ကိုယ့်အိမ်ကိုယ် မီးတင်မရှို့ပါဘူး။ ရှို့ခဲ့ရင်လည်း ဦးနှောက်ပုံမှန်မဟုတ်နိုင်တော့လို့ပါ။

အခုတော့ အန်တီစုက ကျွန်တော်တို့တိုင်းပြည်ကို ဖွပ်သထက်ညစ်အောင် တမင်ဖန်တီးပေးနေသလိုပဲ ဖြစ်နေပါတယ်။ အရာအားလုံး အန်တီစု စိတ်တိုင်းကျမှ၊ အရာအားလုံး အန်တီစု စိတ်ကြိုက်အခြေအနေဖြစ်မှနဲ့ အန်တီစုရဲ့ လိုအင်ဆန္ဒတွေကိုပဲ ရှေ့တန်းတင်ပွဲထုတ်မလာပါနဲ့တော့။ ကျွန်တော်တို့မြန်မာစကားမှာ ပြောလေ့ပြောထရှိပါတယ်။ ကောင်းတဲ့အဓိပ္ပာယ်တော့လည်း မဟုတ်ပါဘူး။ "စုသဘော၊ စုသဘော" ဆိုတာဟာ နောက်ဆုံး တိုင်းပြည် တစ်ပါးကျွန် ဖြစ်ရတာပဲ ဆိုတာကို ရည်ညွှန်းပါတယ်။

အန်တီစုကို မျှော်လင့်တကြီး အားကိုးခဲ့ဖူးတာအမှန်ပါ။ ဒါပေမယ့် တစ်နေ့တခြား အခြေအနေဆိုးတွေကြောင့် အန်တီစုရှိနေခြင်းဟာ ကျွန်တော်တို့အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းနေရသလို ဖြစ်ဖြစ်လာပါတယ်။ ကျွန်တော်တို့ငြီးငွေ့နေကြပါပြီ၊ ကျွန်တော်တို့ပင်ပန်းနေကြပါပြီ။ ကျွန်တော်တို့ပြည်သူတွေ သက်သာရာရကြပါစေ၊ ဝမ်းဝလို့ခါးလှကြပါစေ။ အားလုံးကို လိုက်မပိတ်ပင်ပါနဲ့တော့၊ အားလုံးကိုလိုက်မကန့်ကွက်ပါနဲ့တော့၊ ကမ္ဘာကြီးပေါ်မှာ မြန်မာဆိုတာကိုပဲ ရွေးပြီး သိက္ခာမချပါနဲ့တော့။ **ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးဆိုတာ ကျွန်တော်တို့ တိုင်းပြည်ကို အန်တီစု ရောက်လာခဲ့တာကို ရည်ညွှန်းသလို ဖြစ်နေရပါပြီ။**

တိုင်းပြည်ကိုခေတ်မီအောင် သိပ်မကြာတဲ့ အချိန်အတွင်း ပြန်တည်ဆောက်လို့ရပါတယ်။ လူတွေရဲ့စိတ်ဓာတ် အောက်တန်းကျသွားတာကိုတော့ အချိန်အကြာကြီးပေးပြီးမှ ပြန်တည်ဆောက် ယူရပါလိမ့်မယ်။ အန်တီစုရဲ့ NLDပါတီကကော လုံးဝကောင်းပါတယ်လို့ အာမခံနိုင်လို့လား၊ အာဏာမမက်ကြပါဘူး၊ မလိုချင်ကြပါဘူးလို့ ပြောနိုင်ပါရဲ့လား။ နောက်ဆုံးတော့ အာဏာရရေး၊ အာဏာရရေးကိုပဲ တစာစာတောင်းခံနေတာမဟုတ်ဘူးလား။ ငါတို့မှမအုပ်ချုပ်ရရင် မင်းတို့လဲ မအုပ်ချုပ်ရဘူးဆိုတဲ့ ပါးကိုက်ရင် နားပြန်ကိုက်မယ်ဆိုတဲ့ အဆင့်ကနေ တက်မလာတော့ဘူးလား။ အန်တီစုတို့အုပ်ချုပ်တော့ရော ဘယ်လောက်ပိုကောင်းအောင် လုပ်နိုင်မှာလဲ။ အခုအခြေအနေအတိုင်းရော တိုင်းပြည် တိုးတက်ရာတိုးတက်ကြောင်း အကြံဉာဏ်တွေ၊ အကူအညီတွေကို အန်တီစုမပေးနိုင်ဘူးလား၊ မကူညီနိုင်ဘူးလား။ ဖျက်ဆီးဖို့တောင် တတ်နိုင်ရင် ကောင်းအောင်လဲ အန်တီစု တတ်နိုင်မှာပါ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ လုံးဝဥဿုံစိတ်သဘောထားတူညီကြမယ်၊ ပြောစရာမရှိအောင် စိတ်ကြိုက်ဖြစ်ကြ မယ်လို့ မရှိနိုင်ပါဘူး။ မိဘနဲ့ သားသမီးလိုဖြစ်နေမှာပါပဲ။ အုပ်ချုပ်တဲ့သူဟာ မိဘလိုပါပဲ၊ အလိုလိုက်ချင်ပေမယ့် လိုအပ်တဲ့စည်းကမ်းမျိုးစုံနဲ့ မပျက်မစီးရလေအောင် အုပ်ထိန်းရမှာပါပဲ။ တင်းကျပ်တယ်၊ လိုက်နာရခက်ခဲတယ်ထင်ရင် အအုပ်ထိန်းခံသူများကလည်း ဝေဖန်ပြစ်တင်ညည်းညူမိမှာပါပဲ။ ဒါဟာ လောကဓမ္မတာ ထုံးတမ်းစဉ်လာတွေပဲမို့လို့ ဘာမျှမထူးဆန်းပါဘူးလို့ပြောရင်လည်း ရပါလိမ့်မယ်။ လောကမှာ လုံးဝအပြစ်ပြောစရာ မရှိအောင်ပြည့်စုံတဲ့ အုပ်ချုပ်ရေးယန္တရားကို မျှော်လင့်တယ်ဆိုရင်တော့ ကျွန်တော်တို့ သိပ်စိတ်ကူးယဉ်လွန်းရာ ကျနေပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်းနှင့် ဖားတစ်ရှဉ်းတံတားတည်ဆောက်မှုစစ်ဆေး

နေပြည်တော် မတ် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်းတို့လိုက်ပါလျက် မတ် ၁၆ရက် နံနက်ပိုင်းက ပဲခူးတိုင်းပန်းတောင်းမြို့နယ် ဥသျှစ်ပင်ရှိ ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာကြံခင်း–သရက်လမ်းပိုင်း စီမံကိန်း အင်ဂျင်နီယာ ဦးမျိုးဝင်းက ရထားလမ်း ပိုင်းမြေသားတာပေါင်လုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဘူတာအဆောက်အအုံ မြေနေရာပြုလုပ်ခြင်းလုပ်ငန်းများ၊ ရထားလမ်းအတွက် အထောက်အကူပြုပစ္စည်းများ သယ်ယူစုဆောင်းထားရှိမှု အခြေအနေများအား ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။

ရှင်းလင်းတင်ပြ

၎င်းနောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က ကြံခင်း–ဥသျှစ်ပင် ရထားလမ်းဝဲယာရှိ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဆောင်ရွက်ပေးသည့် အစီမံများကို ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

ဝန်ကြီးက ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်းတွင် မြေသားတာပေါင်လုပ်ငန်းများရာခိုင်နှုန်း ၉၀ ပြီးစီးပြီဖြစ်၍ ရာနှုန်းပြည့် ပြီးစီးစေရေးအတွက် ဝန်ထမ်းများက ပူးပေါင်း၍ ကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းသုံးအထောက်အကူပစ္စည်းများအား လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်းရှိ ကျောက်ဖူးချောင်းတံတား၊ သူရဲတန်းချောင်းတံတား၊ ခဝါချောင်းတံတားများ တည်ဆောက်မှုလုပ်ငန်းခွင်များသို့ လိုက်လံစစ်ဆေးရာ စီမံကိန်း အင်ဂျင်နီယာ ဦးမျိုးဝင်းက လိုက်လံရှင်းလင်းတင်ပြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လိုက်လံစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရထားလမ်းမြေသားတာပေါင်များ ဆောင်ရွက်ခြင်းနှင့် ဘူတာမြေနေရာများ မြေပြုပြင်ဆောင်ရွက်ခြင်းတို့အား ရထားလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရာခိုင်နှုန်း၉၀ပြီးစီး

ကြံခင်း–ဥသျှစ်ပင် လမ်းပိုင်းသည် စုစုပေါင်းမိုင် ၄၀ ရှည်လျားပြီး မြေသားလုပ်ငန်းအနေဖြင့် တူးမြေကျင်း၄၇၀၁၅၀နှင့် ဖို့မြေ ၅၃၀၀၈၉ ဒသမ ၈၅ကျင်း ဆောင်ရွက်ရန်ဖြစ်ပြီး၊ ယနေ့အထိမြေသားတာပေါင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ ရာခိုင်နှုန်း၉၀ ပြီးစီးပြီဖြစ်သည်။

၎င်းလမ်းပိုင်းတွင် ဘူတာရုံခြောက်ရုံပါရှိပြီး ဧရာဝတီတိုင်းအတွင်း၌ နှစ်ရုံနှင့် ပဲခူးတိုင်းအတွင်း၌ လေးရုံ တည်ဆောက်သွားမည်ဖြစ်သည်။

ဖားတစ်ရှဉ်းတံတား

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဖားတစ်ရှဉ်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်စစ်ဆေးရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာဦးမျိုးဝင်းက တံတားတည်ဆောက်မှုအခြေအနေများအား ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်တင်ပြသည်။ ဝန်ကြီးက ဖားတစ်ရှဉ်းတံတားသည် မကြာမီရက်ပိုင်းအတွင်းတွင် ဖွင့်လှစ်တော့မည်ဖြစ်၍ ဝန်ထမ်းအားလုံးက အချိန်မီ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစား၍ ဆောင်ရွက်ကြရန် မှာကြားသည်။

တံတားတည်ဆောက်မှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဖားတစ်ရှဉ်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ပြီး တံတားတည်ဆောက်မှု အခြေအနေများအား စစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာဦးမျိုးဝင်းက လိုက်လံရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ရထားလမ်း၊ ကားလမ်းတံတား

ဖားတစ်ရှဉ်း တံတားသည် ဟင်္သာတ–ကြံခင်း ရထားလမ်းပိုင်း မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင် ၁၇၂/၁၄–၁၅တွင် တည်ရှိပြီး၊ အရှည် ၄၆၉ ပေ ရှည်ကာ ရထားလမ်းအပြင် တန် ၃၀ အထိရှိသော ကားများပါ ဖြတ်သန်းနိုင်သည့် ရထားလမ်း၊ ကားလမ်းတံတား အမျိုးအစားဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဟင်္သာတ–ကြံခင်းရထားလမ်းပိုင်းရှိ ဖားတစ်ရှဉ်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

အောင်ဆန်း တပ်ဦးကျောင်းဆရာတော် ပြည်ပနိုင်ငံ သာသနာပြုခရီးကြွရောက်တော်မူ

ရန်ကုန် မတ် ၁၇

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာမဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)၏ ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရသည် စင်ကာပူနိုင်ငံရှိ ဒါယကာ၊ ဒါယိကာမတို့၏ ပင့်လျှောက်ချက်အရ စင်ကာပူနိုင်ငံ၌ မိုးကုတ်ဝိပဿနာ ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောဖော်ညွှန်ကြားပြသနိုင်ရန် မတ် ၁၅ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူရာ ဒါယကာ၊ ဒါယိကာမများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးသင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (လားရှိုး)က စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးသင်တန်းဖွင့်ပွဲကို မတ် ၁၇ရက် မွန်းလွဲ ၁နာရီက မြန်မာနိုင်ငံဆရာဝန်အသင်း လားရှိုးသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ပြည်နယ်အဆုတ်ရောဂါတိုက်ဖျက်ရေးအဖွဲ့မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဦးကျော်ဇော၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ လားရှိုး ဥက္ကဋ္ဌ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်ဝါ၊ အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့(ဗဟို)မှ ဒေါက်တာဦးသက်နိုင်မောင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးသန်းဝင်းတို့က အသီးသီးအမှာစကားပြောကြားသည်။ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ဗဟို)မှ ဒေါက်တာဦးသက်နိုင်မောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းကာလမှာ တစ်ရက်လျှင် သုံးနာရီ၊ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းချိန် စုစုပေါင်းနာရီ ၂၄၀ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ လားရှိုး၊ သိန္နီနှင့် သီပေါမြို့တို့မှ အထွေထွေရောဂါကု ဆရာဝန် သင်တန်းသား သင်တန်းသူ ၃၂ဦးတက်ရောက်ခဲ့ကြသည်။

(က–ပ)

အပူချိန်

(၁၇–၃–၂၀၀၇)

နေပြည်တော်	**၃၉**	**ဒီဂရီစင်တီဂရိတ်**
ကသာ	**၃၆**	**ဒီဂရီစင်တီဂရိတ်**
မန္တလေး	**၃၇**	**ဒီဂရီစင်တီဂရိတ်**
ချောက်	**၃၈**	**ဒီဂရီစင်တီဂရိတ်**
ရွှေဘို	**၃၆**	**ဒီဂရီစင်တီဂရိတ်**
ရန်ကုန်(ကမ္ဘာအေး)	**၃၈**	**ဒီဂရီစင်တီဂရိတ်**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အန်တီစုရဲ့ NLD ပါတီကိုပြန်ကြည့်ပါ။ လူကောင်းတွေ ဘယ်လောက်ပါပါသလဲ၊ Stay ရှောင်သလိုမျိုး ပါတီမှာဝင်ပြီး လှုပ်ရှားနေကြတာ ဘယ်နှယောက် ပါနေပါသလဲ။ နိုင်ငံရေးဗဟုသုတ အတွေးအမြင် ခံယူချက်မြင့်မားသူ ဘယ်လောက်ရှိနေပါသလဲ။

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအနှံ့ သွားခဲ့၊ ရောက်ခဲ့ဖူးတာမို့ တွေ့ကြုံရသမျှ NLD ကဆိုတဲ့ လူတွေဟာ မဟုတ်တာအကုန်လုပ်ကြတယ်ဗျာ။ NLD အခွံကာပြီးတော့ ငါတို့ကိုမဖမ်းရဲဘူး၊ အဖမ်းခံရရင် မီဒီယာကနေ ဝိုင်းအော်ပေးမယ်။ ကံကောင်းရင် ချမ်းတောင်ချမ်းသာနိုင်သေးတယ်ဆိုပြီးတော့ ဥပဒေကင်းမဲ့တဲ့ အလုပ်တွေလုပ်တယ်ဗျာ။ ကြေးစားခယူပြီး အနောက်မီဒီယာတွေကို တိုင်ကြားပေးတယ်ဗျာ။ မဖြစ်စလောက်ပိုက်ဆံလေးတွေနဲ့ကို အရှက်ကင်းမဲ့စွာ အဲ့ဒီအလုပ်မျိုး လုပ်တယ်ဗျာ။ မြို့တိုင်းမြို့တိုင်းက ဝန်ထမ်းတွေဆိုရင် NLD ဆို ရွံ့ကြောက်ကြီး ကြောက်နေရပြီး အော့နှလုံးနာနေကြတယ်ဗျာ။

အဲဒါ အန်တီစုရဲ့ NLD လား၊ အန်တီစုကို အားကိုးခဲ့ကြတာ ဒီလိုမျိုးတွေအတွက်မှ မဟုတ်တာ။ NLDပါတီဝင်ဆိုရင် အားလုံးကောင်းတာပဲ၊ အစိုးရဘက်တော်သားဆိုရင် လူယုတ်မာတွေ၊ အဲဒီလိုမျိုးရောသတ်မှတ်ထားပါသလားအန်တီစု။ အလုပ်မရှိ၊ အကိုင်မရှိ၊ အားတိုင်းပြဿနာရှာဖို့ပဲ စဉ်းစားနေကြတဲ့ ခပ်ညံ့ညံ့လူမျိုးတွေရဲ့ လက်ထဲကိုသာ တိုင်းပြည်ရဲ့ အနာဂတ်ကို အပ်နှင်းရမယ်ဆိုရင် ကျွန်တော်တို့ဗိုလ်ချုပ်က တမလွန်ကနေ ရှက်နေမှာပေါ့ဗျာ။ အဲဒါဟာ သူ့ရဲ့မျိုးဆက်လက်ချက်၊ သူရဲ့သွေးက လုပ်နေတာဆိုတာများ မြင်တွေ့သိခွင့်ရခဲ့ရင် ရှက်တာနဲ့ကို ဗိုလ်ချုပ်အကြိမ်ကြိမ် ပြန်သေမိနေမှာပါ။ ထစ်ခနဲရှိ ပြဿနာရှာ၊ ထစ်ခနဲရှိ ရန်ရှာ၊ ထစ်ခနဲရှိ ငါတို့ကိုဂရုမစိုက်ရင်၊ ငါတို့ကိုဦးစားမပေးရင် BBC မှာ ပါသွားမယ်၊ DVB မှာ ပါသွားမယ်၊ RFA မှာ ပါသွားမယ်နဲ့ ခြိမ်းခြောက်ကြတာကလည်း အလွန်ပါဗျာ။

ဒါလား အာဏာမမက်တာ၊ ဒါလား အာဏာမမျှော်မှန်းတာ၊ ဒါလား တိုင်းပြည်ကောင်းအောင် လုပ်နေတာ။ ဒီလိုလူတွေလက်ထဲ NLD[illegible]အရေခြုံရုံကလေး ခြုံထားတာတောင် ဒီလောက် မင်းမဲ့စရိုက်နဲ့ ဥပဒေဘောင်ထဲမှာ စည်းကမ်းမလိုက်နာချင်ကြတဲ့သူတွေလက်ထဲကို ကျွန်တော်တို့တိုင်းပြည်ကိုများ အပ်နှင်းလိုက်ရရင် အခုဆိုးလှပါပြီလို့ အန်တီစုအော်နေတာထက်ကို ဘယ်လောက်များ ပျက်စီးခြင်းတွေ စုဝေးသွားမလဲဆိုတာ ကျွန်တော်ဖြင့် ရင်မောလိုက်တာ။

သူများလုပ်တာကို မကောင်းဘူး ထိုင်အော်နေမယ့်အစား ကောင်းတာလေးတစ်ခုလောက် အန်တီစုလုပ်ပြပါလား။ ပြည်သူတွေငတ်နေကြပါပြီလို့ အော်နေမယ့်အစား၊ ဘာအကူအညီမျှမပေးကြပါနဲ့လို့ အော်နေတာကို ရပ်တန်းကရပ်ပေးပါလား။ တိုင်းပြည်ရဲ့စီးပွားရေးတွေ ချွတ်ခြုံကျနေပါပြီလို့ အော်နေမယ့်အစား ဘယ်သူမှ မလာကြပါနဲ့၊ မြန်မာပြည်ဆိုတာ ခရီးသွားသင့်တဲ့တိုင်းပြည် မဟုတ်ဘူးလို့ အန်တီစုပြောခိုင်း၊ အော်ခိုင်း၊ ကြေညာခိုင်းနေတာကို ရပ်တန်းကရပ်အောင် ကူညီပေးပါလား။ ဗိုလ်ချုပ်မျက်နှာထောက်ထားပြီး တိုင်းပြည်အတွက် ကောင်းကျိုးပြုတာလေး တစ်ခုတလေ ရှိဖူးသွားအောင် လုပ်ပေးပါလား အန်တီစုရယ်။

အန်တီစုတို့ရဲ့ ပါတီတွင်း အကွဲ အပြဲ ဇာတ်လမ်းတွေ၊ ပါတီတွင်း မညီညွတ်မှုတွေ၊ ပါတီတွင်း အရှုပ်အထွေးတွေ၊ အာဏာခွဲဝေလုယူမှုတွေကို အမျိုးသားရင်ကြားစေ့ရေးဆိုတာထက် ဦးစားပေး လုပ်ဆောင်ပြပါ။ တိုင်းပြည်တစ်ခုလုံးကိုတောင် အုပ်ချုပ်ဖို့မှန်းထားရင် ကိုယ့်ပါတီကလေးကို ကိုယ် အရင် ငြိမ်ဝပ်ပိပြားအောင်၊ ဒီမိုကရေစီဆိုတာ စည်းမဲ့ ကမ်းမဲ့ မင်းမဲ့စရိုက်မဟုတ်ဘူးဆိုတာ အရင်သင်ပြပေးပါဦး။

ကျွန်တော်ဒီလိုတွေရေးတော့ အန်တီစုလူတွေက ထင်မှာပဲ၊ အစိုးရလူ၊ အစိုးရကပ်ဖားနေတဲ့သူ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးကလူ၊ နေရာကောင်းရချင်လို့ ဖားတာလို့မြင်မှာပဲ။ တကယ်တော့ ကျွန်တော်က သာမန်ပြည်သူတစ်ယောက်ပါ။ NLDကို မဝင်သလို ကြံ့ခိုင်ရေးကိုလည်း မဝင်ပါဘူး။ ကိုယ်မယုံကြည်တဲ့စာကို မရေးဘဲ ကိုယ်ယုံကြည်တာကိုပဲ ရေးလိုက်တဲ့ သာမန်အောက်ခြေက ပြည်သူတစ်ဦးပါ။ အစိုးရဘက်တော်သားမဟုတ်သလို NLDကိုလည်း လက်မခံနိုင်တော့တဲ့သူပါ။ ကြာလာလေ ပိုသိလေလေဆိုတာလိုမျိုး စရိုက်ပျက်နေတဲ့ NLDကို လုံးဝ လက်မခံချင်တော့လို့သာ ဒီလိုစာမျိုးကို ကိုယ့်ဆန္ဒနဲ့ကိုယ်ရေးတာပါ။

အချိန်ကာလတွေအများကြီး ကျွန်တော်တို့ ဆုံးရှုံးခဲ့ရပြီးပါပြီ။ ဘာတစ်ခုမျှမလုပ်နိုင်သလို ဘာတစ်ခုမျှလည်းဖြစ်မလာပါဘူး။ တိုင်းပြည်က ဘယ်သူ့အကူအညီမျှမရဘဲ ကြိုးစားရုန်းကန်နေရချိန်မှာ ဝင်လာသမျှ အပေါက်အားလုံးကိုလည်း အန်တီစုက လိုက်ပိတ်ထားခဲ့တယ်။ ပြည်သူတွေကို နည်းနည်းဖြစ်ဖြစ် ပြန်ကြည့်ပေးပါ၊ နည်းနည်းဖြစ်ဖြစ်ပြန်ပြီးငဲ့ညှာပေးပါ။ အာဏာကိုပဲ ဦးတည်ချက်ထားနေတာကို စွန့်လွှတ်ပေးပြီး တိုင်းပြည်ကောင်းအောင် ကြိုးစားပေးပါ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် စွမ်းနိုင်သမျှကူညီပေးပါ။ ဒါပေမယ့် အန်တီစု မကူညီချင်နေပါ၊ ကျွန်တော်တို့တိုင်းပြည်ကို မနှောင့်ယှက်ပါနဲ့တော့၊ မဖျက်ဆီးပါနဲ့တော့၊ အန်တီစုအတွက် တိုင်းသူပြည်သားတွေ ပိုပြီးဝန်မပိပါစေနဲ့တော့။ ဒီလိုမှမဟုတ်ရင်လည်း အန်တီစု လာရာလမ်းအတိုင်း ပြန်ပြီးသာ အေးအေးဆေးဆေး နေပါတော့။ ကျွန်တော်တို့တွေ ပင်ပန်းလှပါပြီ။ ။

(၃၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ စတင်ယှဉ်ပြိုင်

ရန်ကုန် မတ် ၁၇

၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားနှင့် (၃၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ရှုတ်ဆို

ထို့နောက် အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရှုတ်ဆိုပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၃ သင်းနှင့် အမျိုးသမီး လေးသင်းပါဝင်ယှဉ်ပြိုင်ကြသည်။ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားပြိုင်ပွဲဝင် အသင်းများမှာ လက်ရှိချန်ပီယံ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းအသင်းတို့ပါဝင်ယှဉ်ပြိုင်ကြသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသားပြိုင်ပွဲတွင် လေးပေါက်တန်းနှင့် ခြောက်ပေါက်တန်းဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုးသတ်မှတ်ထားသည်။

ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲကို မတ် ၁၇ရက်မှ ၁၈ရက်အထိလည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြိုင်ပွဲကို မတ်၁၉ရက်မှ ၂၁ရက်အထိ လည်းကောင်း နေ့စဉ်နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာခြင်းလုံး ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့်
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ယှဉ်ပြိုင်

(၃၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ် ပြိုင်ပွဲတွင် မန္တလေးတိုင်းအသင်း ပါဝင်ယှဉ်ပြိုင်စဉ်။

(မြန်မာ့အလင်း)

လှည်းတန်းဈေး မဟာဒုက်ဘုရား အလှူမင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၁၇

လှည်းတန်းဈေးသူ ဈေးသားများနှင့်အလှူရှင်အပေါင်းတို့၏နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဒုက်ဘုရား၊ ပိဋကတ်သုံးပုံ၊ ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲ ကြီးအား (၄၁)ကြိမ်မြောက် ဆင်ယင်ကျင်းပမည်ဖြစ်သည်။ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ မတ်၃၁ရက်မှ ဧပြီ၁ရက်အထိ လှည်းတန်းဈေးရှေ့ မဟာမင်္ဂလာမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူရှင်အကျိုးဆောင်အဖွဲ့ (တွဲဖက်အတွင်းရေးမှူး) ဦးကျော်ကျော် ဖုန်း-၀၉-၅၁-၃၉၅၇၈ နှင့် ပွဲတော်ကျင်းပရာ မင်္ဂလာမဏ္ဍပ်၌ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၆ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၁၇

၂၀၀၆ ခုနှစ် First Eleven Sports Journal မှ ရွေးချယ်ထားသော မြန်မာ့အကောင်းဆုံး ဘောလုံးသမား ဆုပေးပွဲအခမ်းအနားကို မတ်၁၅ ရက် ညနေ၇နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်း အမှတ်၂၂ရှိ Eleven Media Group ၌ ကျင်းပသည်။

ရှေးဦးစွာ Eleven Media Group မှ Managing Editor ဒေါက်တာသိန်းမြင့်က ဆုပေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အားကစားနှင့်ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အားကစားကလောင်ရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား)က အကောင်းဆုံး ဘောလုံးသမားဆုရရှိသော စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)အား ငွေကျပ် ငါးသိန်းနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ ဆန်ခါတင် စာရင်းဝင်ပြီး နှစ်သိမ့်ဆုရရှိသော မိုးဝင်း (စီးပွား/ကူးသန်း)နှင့် အောင်မျိုးသန့်(စီးပွား/ကူးသန်း)တို့အား ငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန်တွင်းတရားစခန်း

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ရက် အထူးတရားစခန်းပွဲကြီးကို (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက် ဧပြီ ၈ ရက်မှ ကဆုန်လဆန်း ၂ရက်) ဧပြီ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဒုလ္လဘရဟန်း သီလရှင် ဝတ်လိုသော ပုဂ္ဂိုလ်များ နှင့် တရားဝင်ယောဂီများသည် ကြိုတင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး တရားစခန်းပွဲအတွင်း အရဏ်ဆွမ်း နေ့ဆွမ်း အချိုပွဲ ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁-၄၇၃၈၂တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မပူဇာတရားပွဲ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း ရွှေပြည်သာမြို့ ၆/၁၀ရပ်ကွက် သံလွင်လမ်း ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်အတွင်း တည်ရှိသော နာရေးကူညီမှုအသင်း (ရွှေပြည်သာ)၏ တတိယအကြိမ်နှစ်ပတ်လည် စုပေါင်းရေစက်ချပွဲ၌ ဧပြီ၅ရက်ညတွင် ရွှေပြည်သာဆရာတော် အရှင်ဇောတိက (စာချ-ဓမ္မာစရိယ)၊ဧပြီ ၆ရက် ညတွင် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)၊ ဧပြီ ၇ရက်ညတွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ (ဓမ္မာစရိယ AGTI, Civil) တို့က ညစဉ်၇နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၃-၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **“အမုန်ချစ်မှ အချစ်မုန်”** ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင် (ဒါရိုက်တာ-ကြည်စိုး)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၂၀ ၇။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook
- ၁၁:၅၅ ၅။ မြန်မာရုပ်ရှင် **“နှလုံးသားနဲ့စစ်တာဝန်”** ကျော်ဟိန်း၊ ခင်သန်းနု၊ ယဉ်ယဉ်အေး (ဒါရိုက်တာ-စိန်ဖေတင်)
- ၁၄:၀၅ ၆။ စွမ်းရည်တိုးမြှင့် Online Booking စနစ်
- ၁၄:၂၀ ၇။ **“မမြင်ကွယ်ရာ”** မောင်မောင်မျိုးသန့်၊ မောင်မောင်မြင့်၊ မတူး [ဒါရိုက်တာ-စိုးဟိန်း (မန်းတက္ကသိုလ်)]
- ၁၄:၃၀ ၈။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၁၄:၄၅ ၉။ International News
- ၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၆:၅၅ ၅။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
- ၁၇:၀၅ ၆။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သမားတော်”** (အပိုင်း-၁၁)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းနှင်းဆီ”** (အပိုင်း-၃)
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

အငယ်တန်းစနူကာပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် Pelican Co.,Ltd. တို့ ပူးပေါင်း၍ အငယ်တန်း စနူကာပြိုင်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးဘိလိယက်နှင့် စနူကာစင်တာတွင် မတ်၂၈ရက်မှ စတင်၍ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ရာ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် အမှတ်အများဆုံးထိုးသူဆု ကျပ်ငါးသောင်းဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ဝင်ခွင့်လျှောက်လွှာများကို တစ်စောင်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် သံဈေးဘိလိယက်စင်တာတို့တွင် ဝယ်ယူပြီး မတ် ၂၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မန်ယူတို့ အိုးထရက်ဖို့ဒ်၌ နိုင်ပြန်ပြီ ပတ်ဂျီဆန်နှင့် ရှုန်နေနှစ်ဂိုးစီသွင်းယူခဲ့ကြ

သတင်းမြင်ကွင်း-မြင့်စိုး

လန်ဒန် မတ် ၁၇

ပရီမီယာလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ကို မတ်၁၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်ယူတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ဘော်လ်တန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူခဲ့သည်။

ခြေစွမ်းပြသွင်းယူ

မန်ယူအတွက် ဂိုးများကို တောင်ကိုရီးယားတိုက်စစ်မှူး ပတ်ဂျီဆန်နှင့် အင်္ဂလန်သား ရှုန်နေတို့က တစ်ယောက်နှစ်ဂိုးစီ ခြေစွမ်းပြသွင်းယူပေးနိုင်ခဲ့ကြသည်။

မန်ယူတို့တိုက်စစ်အားမြှင့်

မန်ယူအသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်သည် ပွဲစပြီး ၁၁မိနစ်အကြာ ဒဏ်ရာပြင်းထန်စွာရသဖြင့် ပြိုင်ပွဲမှစောစီးစွာ ထွက်သွားရသည်။ ၎င်းအစား ဝက်စ်ဘရောင်း ဝင်ကစားခဲ့ရသည်။ ဂယ်ရီနဗီးလ် ထွက်သွားပြီးနောက် မန်ယူတို့တိုက်စစ်အားမြှင့်တင်ကစားခဲ့ရာ ပွဲချိန်၁၄မိနစ်တွင် စီရိုနယ်ဒိုဝဲတောင်ပံမှတင်ပေးသည့် ဘောလုံးမှတစ်ဆင့် ပတ်ဂျီဆန်က ပယ်နယ်တီဧရိယာအတွင်းမှ ကန်သွင်းယူသွားသည်။

ယင်းနောက် ပွဲချိန်၁၇မိနစ်တွင် စီရိုနယ်ဒိုဖန်တီးပေးသည့်ဘောလုံးမှပင် ရှုန်နေသွင်းယူခဲ့နိုင်၍ မန်ယူတို့ ဒုတိယမြောက်ဂိုးရရှိခဲ့သည်။

မန်ယူအတွက် ဖွင့်ဆော်ဦးဂိုးကို ပတ်ဂျီဆန်က ဤသို့ သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

မန်ယူအတွက် တတိယမြောက်ဂိုးကို စီရိုနယ်ဒို ကန်သွင်းသည့် ဘောလုံး ဂိုးသမားပုတ်ထုတ်ပြီး ပြန်အန်အထွက် ပတ်ဂျီဆန်က ပွဲချိန်၂၅မိနစ်တွင် သွင်းယူလိုက်ပြန်သည်။ ယင်းသုံးဂိုးဖြင့် မန်ယူတို့ ဘော်လ်တန်အသင်းကို ပထမပိုင်းပြီးသည်အထိ ဦးဆောင်နိုင်ခဲ့သည်။ မန်ယူရရှိခဲ့သော ယင်းသုံးဂိုးစလုံးကို တောင်ပံကစားသမား စီရိုနယ်ဒို အကောင်းဆုံးဖန်တီးပေးနိုင်သကဲ့သို့ တိုက်စစ်မှူးများဖြစ်ကြသည့် ပတ်ဂျီဆန်နှင့် ရှုန်နေတို့ကလည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ကြသည်။

၅၀ မြောက်ဂိုး

ပွဲပြီးရန် မိနစ်၂၀အလိုတွင် စီရိုနယ်ဒိုအစား အလန်စမစ် ပါဝင်ခြေစွမ်းပြခဲ့သည်။ အလန်စမစ်သည်လည်း စီရိုနယ်ဒိုကဲ့သို့ ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့၍ ပွဲချိန် ၇၄မိနစ်တွင် ရှုန်နေက မန်ယူအတွက် စတုတ္ထမြောက် ဂိုးသွင်းယူခဲ့ပြန်သည်။ ယင်းဂိုးမှာ မန်ယူအတွက် ရှုန်နေ၏ ၅၀မြောက်ဂိုးဖြစ်သည်။

နှစ်သိမ့်ဂိုး တစ်ဂိုး

ပွဲပြီးရန် ငါးမိနစ်အလိုတွင် မန်ယူနောက်တန်းလူ ဗီဒစ်က ဘော်လ်တန်ကစားသမား ဖရေးအား ကြမ်းတမ်းစွာကစားခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပယ်နယ်တီကို ဂယ်ရီစပိဒ် ကန်သွင်း၍ ဘော်လ်တန်တို့ နှစ်သိမ့်ဂိုး တစ်ဂိုး ရသွားခဲ့သည်။

ယင်းပွဲ မန်ယူတို့အနိုင်ရခဲ့ပြန်၍ ရမှတ် ၇၅မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေသည်။ ဒုတိယနေရာမှ ချယ်လ်ဆီးထက် ခြောက်မှတ် အသာရထားဆဲဖြစ်သည်။

အခြားပွဲများရလဒ်

ချယ်လ်ဆီး	၃ - ၀	ရှက်ဖီး
တော့တင်ဟမ်	၃ - ၁	ဝက်ဖို့ဒ်
မစ်ဒယ်ဘရော့	၀ - ၂	မန်စီးတီး
ဝီဂန်	၀ - ၀	ဖူလ်ဟမ်
ရက်ဒင်း	၀ - ၀	ပို့စ်မောက်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* တော့တင်ဟမ်အသင်းတိုက်စစ်မှူး ဘာဘာတော့ဗ်သည် ဘရာဂါ အသင်းနှင့် ယူအီးအက်ဖ်အေဖလား ယှဉ်ပြိုင်ရာတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့၍ ဖလားရရှိရန် အဓိကစွမ်းဆောင်ပေးသူဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဂျီးနက်စ်က ထောက်ခံပြောကြားလိုက်သည်။

* **အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်သည် မတ်၂၄ရက်တွင် ယှဉ်ပြိုင်ကစားမည့် ယူရိုခြေစစ်ပွဲအတွက် အသင်းသားစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ တိုက်စစ်တွင် ရွန်ဆင်၊ ရွန်နေ၊ ဒီဖိုးတို့ပါဝင်ပြီး အလယ်တန်းတွင် ဂျရတ်၊ လမ်းပတ်၊ ကာရစ်တို့ ပါဝင်လာကြောင်း သိရသည်။**

* ကမ္ဘာ့နံပါတ်(၂) တင်းနစ်ကစားသမား စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်သည် အင်ဒီယန်းဝဲလ်မာစကာစီးရီး တင်းနစ်ပြိုင်ပွဲတွင် အာဂျင်တီးနားမှ ဂျူ အန်အား ၇–၅၊ ၇–၅ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

* **အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် အမေရိကန်မှ ရှရွန်ကရောဖို့ဒ်က ၂၀ ဒသမ ၃၂ စက္ကန့်ဖြင့် ကမ္ဘာ့အမြန်ဆုံး အပြေးသမားအဖြစ် စံချိန်တင်ထားဆဲဖြစ်ကြောင်း ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။**

* စပိန်နိုင်ငံ မာလော့ကာမြို့တွင် လာမည့် မတ် ၂၉ရက်မှ စတင်ကာ ကမ္ဘာ့စက်ဘီးစီးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

* **ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ မတ် ၂၅ရက်မှ စတင်ကာ ကမ္ဘာ့ရေကူးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကမ္ဘာ့ရေကူးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။**

* ကင်ညာနိုင်ငံတွင် ယခုသီတင်းပတ်ကုန်၌ ကျင်းပမည့် အမျိုးသမီးမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ဗြိတိန်အပြေးမယ် ဂျူပါဖေး ပါဝင်ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း၊ ၎င်းမှာ ကျန်းမာရေးကြောင့်ဖြစ်ကြောင်း ဗြိတိန်ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

အင်္ဂလန်နှင့် အာဆင်နယ်အသင်းတို့အတွက် ကြယ်ပွင့်သစ်

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၁၇

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အသက်အငယ်ဆုံး ဘောလုံးသမားလေးအဖြစ် မှတ်တမ်းဝင်ခဲ့သူ၊ အင်္ဂလန်နှင့် အာဆင်နယ် တိုက်စစ်မှူးလည်းဖြစ်သူ သီအိုဝေါကော့တ်သည် အင်္ဂလန်အသင်းအတွက် အနာဂတ် ဘောလုံးကြယ်ပွင့် တစ်ဦးဖြစ်လာမည်ဟု မှတ်ချက်ပေးနေကြပြီ ဖြစ်သည်။

ခြေစွမ်းပြ

ဝေါကော့တ်အား ၁၉၈၉ ခုနှစ် မတ် ၁၆ ရက်၌ အင်္ဂလန်နိုင်ငံ နယူးဘူရီမြို့တွင် မွေးဖွားခဲ့ရာ ယခုအခါ အသက် ၁၈ နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ ယခု မတ်၁၆ရက်က ၁၈ နှစ်ပြည့်ခဲ့ပြီဖြစ်သော ဝေါကော့တ်သည် အာဆင်နယ်အသင်း တိုက်စစ်မှူးများဖြစ်သော အွန်နရီနှင့် ဗန်ပါစီတို့ ဒဏ်ရာများရရှိနေချိန်တွင် တိုက်စစ်မှူးတာဝန်ကို ပွဲစဉ်အချို့၌ ခြေစွမ်းပြ ကစားနေလျက်ရှိသည်။

သွင်းယူ

ဝေါကော့တ်၏ မူလ မိခင်ကလပ်မှာ ဆောက်သမ်ပတန်အသင်းဖြစ်ပြီး ၂၀၀၅–၂၀၀၆ ဘောလုံးရာသီ၌ အသက်အငယ်ဆုံး တိုက်စစ်မှူးအဖြစ် ဆောက်သမ်ပတန်အသင်းတွင် ပရီမီယာလိဂ်ပွဲ ၁၃ပွဲ ကစားခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့သလို အက်ဖ်အေဖလားပွဲစဉ်၌ ဆောက်သမ်ပတန်အတွက် တစ်ပွဲကစားပေးပြီး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ရာ ထိုနှစ်က ဆောက်သမ်ပတန်အတွက် ဝေါကော့တ် ၁၃ပွဲကစားပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဆက်တိုက်

ဝေါကော့တ်အတွက် ကြေးစား ဘောလုံးသမားဘဝ၏ ပထမဆုံးဂိုးမှာ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီ၌ လိဒ်ယူနိုက်တက်နှင့် အောက်တိုဘာ ၁၈ ရက်က ကစားခဲ့သော ဆောက်သမ်ပတန်နှင့်ပွဲဖြစ်ပြီး သူ၏ပထမဆုံးဂိုးကို ဝေါကော့တ်သွင်းယူနိုင်ခဲ့သည်။ ထို့နောက်ပိုင်း ဆောက်သမ်ပတန်အတွက် ပထမလူစာရင်း၌ ထည့်သွင်းခြင်းခံခဲ့ရပြီး ဘောလုံးပွဲများ ဆက်တိုက် ကစားခဲ့ရသည်။

ထို ၂၀၀၅ခုနှစ်၌ပင် ဘီဘီစီ၏ တစ်နှစ်တာလူငယ်ဘောလုံးကစားသမားဆုကိုလည်း ရရှိခဲ့သည်။ ထို့နောက် ဝေါကော့တ်အား ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ အပြိုင်ကမ်းလှမ်းခဲ့ရာမှ အာဆင်နယ်အသင်းနှင့် ထိုနှစ် ဇန်နဝါရီ ၂၀ ရက်၌ တရားဝင်စာချုပ် ချုပ်ဆို ပြောင်းရွှေ့ခဲ့လေသည်။

စတင်ကစား

အာဆင်နယ်အသင်းသို့ ရောက်ရှိလာသော ဝေါကော့တ်သည် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ၌ အာဆင်နယ်အသင်းနှင့်အတူ ၂၀၀၆ ဩဂုတ် ၁၉ရက် ပရီမီယာလိဂ်ပွဲစဉ်ဖြစ်သည့် အာဆင်နယ်နှင့် အက်စတွန်ဗီလာတို့ပွဲ၌ ပွဲချိန် ၇၃မိနစ်တွင် စတင်ပါဝင် ကစားခဲ့သည်။

ယခုအချိန်အထိ အာဆင်နယ်အတွက် ပရီမီယာလိဂ် ၁၀ပွဲ၊ ချန်ပီယံလိဂ် ခြောက်ပွဲ၊ အက်ဖ်အေ နှစ်ပွဲနှင့် အင်္ဂလန်အသင်းအတွက် နိုင်ငံတကာ ချစ်ကြည်ရေး ဘောလုံးပွဲတစ်ပွဲ ကစားပေးထားပြီး ဖြစ်သည်။

ထိုသို့ အာဆင်နယ်အတွက် ဘောလုံးပွဲများ အချိန်ပိုင်းနှင့် အချိန်ပြည့်ကစားပေးခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲရှိရာမှ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့၏ ကားလင်းဖလားဗိုလ်လုပွဲ၌ ဝေါကော့တ် ပွဲအစအဆုံး ပါဝင်ကစားခဲ့ရာ အာဆင်နယ်အတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

မှတ်ချက်ပြု

ဝေါကော့တ်သည် အာဆင်နယ်၌ ယခုအချိန်အထိ ပွဲချိန်အပြည့် ငါးပွဲသာကစားရသေးသော်လည်း အသင်းတိုက်စစ်တွင် အံဝင်ခွင်ကျ ကစားနိုင်သူတစ်ဦးအဖြစ် ရောက်ရှိလာသည်။ အထူးသဖြင့် တစ်ဖက်ဂိုးဧရိယာအစပ်နှင့် ဂိုးဧရိယာအတွင်း လျင်မြန်စွာ လှုပ်ရှားနိုင်သူ တစ်ဦးဖြစ်ကြောင်း အာစင်ဝင်းဂါးက မှတ်ချက်ပြုထားသည်။

ထို့အပြင် မိမိအသင်းတိုက်စစ်မှူးများနှင့်လည်းကောင်း၊ ကွင်းလယ်ကစားသမားနှင့်လည်းကောင်း အချိတ်အဆက်မိမိ ကစားနိုင်သူဖြစ်သည်ဟုလည်း အာစင်ဝင်းဂါးက ပြောကြားလျက်ရှိနေသည်။ ဝေါကော့တ် အနေဖြင့် တိုက်စစ်မှူးတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် အဆုံးသတ် ပိုင်နိုင်မှု၊ ရရှိသည့်အခွင့်အရေးကို လျှပ်တစ်ပြက်အတွင်းအသုံးချနိုင်အောင် အလိုက်သင့် နေရာယူတတ်မှုတို့ အနည်းငယ်လိုအပ်နေသေးသည်ဟု အာစင်ဝင်းဂါးက ပြောကြားသည်။



အာဆင်နယ်တိုက်စစ်မှူး ဝေါကော့တ်။
(ဓာတ်ပုံ–အင်တာနက်)

မည်သို့ပင်ဖြစ်စေ ဝေါကော့တ်သည် လာမည့်နှစ်၌ အာဆင်နယ်၏ ဂိုးသွင်းသူရဲကောင်းတစ်ဦးအဖြစ် တွေ့မြင်ရမည် ဖြစ်သလို အင်္ဂလန်အသင်းအတွက် တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်လာတော့မည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ခိုင်မာစွာ ပြောကြားလျက်ရှိသည်။

ကြယ်ပွင့်

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဘောလုံးသမားဘဝ စံချိန်တင်ခဲ့သော အင်္ဂလန်အသင်း တိုက်စစ်မှူးလေး ဝေါကော့တ်၏ အနာဂတ်မှာ အာဆင်နယ်နှင့် အင်္ဂလန်အသင်းတို့အတွက် ထွန်းလင်းတောက်ပလာမည့် တိုက်စစ်မှူး ကြယ်ပွင့်တစ်ပွင့်ပင် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

(ကိုးကား–အင်တာနက်)

ချယ်လ်ဆီး အသင်းနည်းပြ မော်ရင်ဟို အသင်းပိုင်ရှင်နှင့် ဆက်ဆံရေး အဆင်မပြေခဲ့ဟုဝန်ခံ

လန်ဒန် မတ် ၁၇

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ၎င်းအနေဖြင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်နှင့် ဆက်ဆံရေး တင်းမာမှုများဖြစ်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဝန်ခံ

ယင်းဆက်ဆံရေး တင်းမာမှုများသည် ကစားသမားသစ်များခေါ်ယူရေးကာလအတွင်း မော်ရင်ဟိုက ကစားသမားများ အသစ်ခေါ်ယူရေးအတွက် တင်ပြတောင်းဆိုရာမှ ပြဿနာများဖြစ်ခဲ့ကြောင်း မော်ရင်ဟိုက ဝန်ခံပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းတွင် ကန့်သတ်ချက်များရှိကြောင်း၊ ပြဿနာအချို့ ရှိနေသေးကြောင်း၊ အသင်းပိုင်ရှင်၏ ငွေကြေးပမာဏကြောင့် ပြဿနာများ ဆက်ရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အဆင်မပြေ

မိမိနှင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်တို့သည် ဒီဇင်ဘာလကုန်နှင့် ဇန်နဝါရီလ တစ်လလုံး ဆက်ဆံရေး အဆင်မပြေဖြစ်ခဲ့ကြောင်း မော်ရင်ဟိုက ပြောကြားသည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ မြင့်မောင်စိုး

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် မတ် ၁၇

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် လာမည့်မတ်၂၅ရက်၌ ကျင်းပမည့် ကမ္ဘာ့ရေကူးပြိုင်ပွဲ၌ အင်္ဂလန်ရေကူးသမား လီရွှန်တေလာ ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း အင်္ဂလန်ရေကူးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။

ယှဉ်ပြိုင်မည်

အင်္ဂလန်နိုင်ငံ ရက်ဖ်ဖီးမြို့သား ရေကူးသမား တေလာသည် ကျောဒဏ်ရာရရှိနေမှုကြောင့်ဖြစ်ကြောင်း၊ ၎င်း၏နေရာတွင် ပီတေဝါတာဖီးလ်က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရေကူးပြိုင်ပွဲ ဒဏ်ရာကြောင့် တေလာလွဲပြီ

ဝါတာဖီးလ်သည် ၂၀၀၄ခုနှစ် အိုလံပစ်ရေကူးပြိုင်ပွဲ၌ တေလာနှင့်အတူ အောင်မြင်မှုများ ရရှိခဲ့သူဖြစ်သည်။ သို့ရာတွင် ဝါတာဖီးလ်မှာလည်း နားဝေဒနာ ခံစားနေရသူ တစ်ဦးဖြစ်သည်။

အင်္ဂလန် ရေကူးသမား လီရွှန်တေလာ။
(ဓာတ်ပုံ–အင်တာနက်)

လီရွှန်တေလာသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ပြုလုပ်ခဲ့သော ကမ္ဘာ့ရေကူးပြိုင်ပွဲအတွက် လူရွေးပွဲတွင် ပခုံးဒဏ်ရာနှင့် ကျောဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်သည်။

ကျင်းပမည်

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ အခြားရေကူးပြိုင်ပွဲများကို မတ်၁၇ရက်က စတင်ကျင်းပနေပြီး ကမ္ဘာ့ရေကူးချန်ပီယံ ပြိုင်ပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေ ကွာတားပွဲစဉ်များ ထုတ်ပြန် တော့တင်ဟမ်အသင်း ဆီဗီလာနှင့် ယှဉ်ပြိုင်ရမည်

လန်ဒန် မတ် ၁၇

ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်ပွဲစဉ်များကို သက်ဆိုင်ရာကထုတ်ပြန်လိုက်ပြီဖြစ်ရာ တော့တင်ဟမ်အသင်းသည် လက်ရှိချန်ပီယံ ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဆီဗီလာအသင်းသည် ပြီးခဲ့သောဘောလုံးရာသီက မစ်ဒယ်ဘရော့ အသင်းကို အနိုင်ရပြီး ဖလားဆွတ်ခူးသွားခြင်းဖြစ်သည်။ တော့တင်ဟမ်တို့ တောင့်တင်းခိုင်မာသော ဆီဗီလာအသင်း၏ စမ်းသပ်မှုကို ရင်ဆိုင်ရမည်ဖြစ်သည်။

တော့တင်ဟမ်တို့ ပထမအကျော့အဖြစ် ဧပြီ ၅ရက်တွင် ဆီဗီလာကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ တော့တင်ဟမ်တို့ အနိုင်ရခဲ့လျှင် လေဗာကူဆင် သို့မဟုတ် ရိန်းဂျားစ်အသင်းကို အနိုင်ရခဲ့သော အိုဆာဆူနာအသင်းနှင့် အကြိုဗိုလ်လုပွဲ နွှဲရမည်ဖြစ်သည်။

နယူးကာဆယ်ကို အနိုင်ရခဲ့သည့် အယ်လ်ကမာအသင်းသည် ဝါဒါဘရီမင်အသင်းနှင့်ကစားရမည် ဖြစ်သည်။

ထိုစဉ်အတွင်း အက်စ်ပန်ညိုအသင်းသည် ဘင်ဖီကာအသင်းနှင့် ကစားရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်

အယ်လ်ကမာ နှင့် ဝါဒါဘရီမင်
လေဗာကူဆင် နှင့် အိုဆာဆူနာ
ဆီဗီလာ နှင့် တော့တင်ဟမ်
အက်စ်ပန်ညို နှင့် ဘင်ဖီကာ

(အထက်ပါပွဲစဉ်များကို ပထမအကျော့အဖြစ် ဧပြီ ၅ရက်တွင် လည်းကောင်း၊ ဒုတိယအကျော့အဖြစ် ဧပြီ ၁၂ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။)

အကြိုဗိုလ်လုပွဲ

အက်စ်ပန်ညို သို့မဟုတ် ဘင်ဖီကာနှင့်
အယ်လ်ကမာ သို့မဟုတ် ဝါဒါဘရီမင်
လေဗာကူဆင် သို့မဟုတ် အိုဆာဆူနာနှင့်
ဆီဗီလာ သို့မဟုတ် တော့တင်ဟမ်

(ယင်းအကြိုဗိုလ်လုပွဲ ပထမအကျော့ကို ဧပြီ ၂၆ ရက် တွင်လည်းကောင်း၊ ဒုတိယအကျော့ကို မေ ၃ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။)

(အင်တာနက်)



လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ဘိုးရာဇာလမ်း၊အမှတ် ၄၉၀နေ ဦးတင်စိုး-(ဒေါ်မြသန်းကြည်)တို့၏သားထွေး

ဗိုလ်မျိုးမင်းစိုး (OTS-108) B.A (Myanmar)

နှင့်

ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်၊ စံပြကျေးရွာတောင်ပိုင်းနေ ဦးခင်ဇော်-ဒေါ်ခင်မာမြင့်တို့၏ သမီး

မဇင်မာအေး (B.A, Myanmar)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူခွင့်ပြုချက်အရ ၈-၂-၂၀၀၇ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မျိုးမင်းစိုး-မဇင်မာအေး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၆၆၉၄ Toyota Corolla s/w ယာဉ်လက်ဝယ်ရှိသူ အမည် ဦးလှစိန် မှတ်ပုံတင်အမှတ် ၁၂/ ဗဟန(နိုင်)၀၇၈၀၁၀က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် လာရောက်ကန့်ကွက်နိုင် ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်းရုံး)
(သဃ်န်းကျွန်းမြို့နယ်)။

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အပန်းဖြေယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ဘဏ်များ၊အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော် လမ်းညွှန်မြေပုံစာအုပ်ကို ၁၅-၂-၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန် မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀/-နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်	မန္တလေး
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ	အာရုံသစ်စာပေ	နဂါးစာပေ
ကော်မတီရုံး - ၀၆၇-၄၁၄၅၈၂၊	၀၁-၂၄၁၂၆၃	၀၂-၃၅၂၆၇
စီမံရေးရာဌာန - ၀၆၇-၄၁၄၂၈၉။		

၁၅-၃-၂၀၀၇ ရက်ထုတ် ရတနာပုံသတင်းစာတွင် MIKKO® ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်းကို မူရင်း MIKKO ကုန်အမှတ်တံဆိပ်ပိုင်ရှင်က အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၆၁နေ ဒေါ်ဥမ္မာဒေဝီ ၉/မကန(နိုင်)၀၄၁၄၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်-၆၇၂၂/၀၆

အထက်ပါကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် ၆၇၂၂/၀၆ကို ဒေါ်ဥမ္မာဒေဝီသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ခဲ့ပါသည်။ ဈေးကွက်များတွင် MIKKO ကုန်အမှတ်တံဆိပ်ကို ၂၀၀၀ပြည့်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပါသည်။

မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၊ မှတ်ပုံတင်စာချုပ်အမှတ် ၉၆/၂၀၀၇ဖြင့် မှတ်ပုံတင်သွင်းသော ဦးစိုးအောင်၏ MIKKO® ကုန်အမှတ်တံဆိပ်သည် ဒေါ်ဥမ္မာဒေဝီ၏ "MIKKO" ကုန်အမှတ်တံဆိပ်နှင့် တူညီနေပါသည်။

ဒေါ်ဥမ္မာဒေဝီ၏ "MIKKO" ကုန်အမှတ်တံဆိပ်သည် ဦးစိုးအောင်၏ "MIKKO®" ကုန်အမှတ်တံဆိပ်ထက် ဦးစွာမှတ်ပုံတင်ထားခြင်းဖြစ်ပါသည်။ ဦးစိုးအောင်သည် ကုန်သည်ကောင်းတစ်ဦးအနေဖြင့် "MIKKO" ကုန်အမှတ်တံဆိပ်ကို အသုံးမပြုတော့ကြောင်း ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ကြေညာပေးပါရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းရီ (LL.B) တရားရုံးချုပ်ရှေ့နေ (၄၃၅၇)
အမှတ် ၉/၁၁၊ အခန်း ၂၀၁(ဘီ)၊ ဒုတိယထပ်
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ပုံတင်သွင်းထားသောကုန်အမှတ်တံဆိပ်များဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၆၁နေ ဒေါ်ဥမ္မာဒေဝီ ၉/မကန(နိုင်)၀၄၁၄၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်-၆၇၂၁/၀၆

မှတ်ပုံတင်အမှတ် -၇၉၅/၀၇

အထက်တွင် ဖော်ပြထားသော TIMES ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် ၆၇၂၁/၀၆၊ YONNOBABY WORLD မှတ်ပုံတင်အမှတ် ၇၉၅/၀၇တို့ကို ဒေါ်ဥမ္မာဒေဝီ ထုတ်လုပ်သော ထီးအမျိုးမျိုးတို့တွင်အသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ အထက်ပါ ကုန်အမှတ်တံဆိပ်များကို မည်သူမျှထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းရီ(LL.B)တရားရုံးချုပ်ရှေ့နေ(၄၃၅၇)
အမှတ် ၉/၁၁၊ အခန်း ၂၀၁(ဘီ)၊ ဒုတိယထပ်
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ညီညီလွင် ၁၂/ဒဂမ (နိုင်)၀၁၉၆၆၀ သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှကိစ္စများအား တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ပါ။

ဦးစိန်မြင့် ISN-542591။



တောင်ပုလုတရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျေးဇူးတော်ရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်၏တပည့်ရင်း ပဲခူးမြို့ ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တောင်ပုလုတရားရိပ်သာ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ကုန္တစက္က (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မထေရ်မြတ်သည် တောင်ပုလုတောရ ဆရာတော်၏ ဥပနိဿယကျင့်စဉ်အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်း တရားတော်များကို ဟောကြားပြသ ချီးမြှင့်တော်မူမည်ဖြစ်သည်။

၁၃၆၈-၆၉ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်မှ ကဆုန်လဆန်း ၆ရက် (ဧပြီ ၁၂ရက်မှ ၂၁ရက်)အထိ ကျင်းမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုသောယောဂီများသည် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



မီးလောင်မှုသတင်း

ရန်ကုန် မတ် ၁၇

ပဲခူးတိုင်း မိုးညိုမြို့နယ် လက်ပန်ခုံကျေးရွာ၌ မတ် ၁၆ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ် ၅၀၊ မူလတန်းကျောင်း တစ်ကျောင်းနှင့် တွဲဖက်အလယ်တန်းကျောင်းတစ်ကျောင်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မကွေးတိုင်း မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ မတ် ၁၆ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ် ၆၅လုံးမီးလောင်ဆုံးရှုံးခဲ့ရာ လူ၃၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ ရခိုင်ပြည်နယ် မြေပုံမြို့မြောက်ပိုင်း ရပ်ကွက်၌ မတ် ၁၇ရက် မွန်းလွဲ ၂နာရီက မီးလောင်မှုဖြစ်ပွားရာ အိမ်၁၉လုံး၊ ဟာလာစက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၈၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ မန္တလေးတိုင်း ပျဉ်းမနားမြို့ တောင်သာရပ်ကွက်တွင် မတ် ၁၇ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၅လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

မိုးကုတ်ဝိပဿနာတရား ဟောပြောပို့ချမည်

ရန်ကုန် မတ် ၁၇

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မတ်၂၄ရက်မှ ၂၈ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက် နာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးဘခင်-ဒေါ်ဖွားစောနှင့် တိ=နိ နာယက ဦးခင်မောင်သန်းတို့အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပဒုမ္မာလမ်း အမှတ်၂၉(အီး)နေ ဇနီးဒေါ်ကြင်မြ၊ ညီမဒေါ်မြလှိုင်နှင့် သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းဖုန်း-၀၁-၂၂၂၂၇၇-၇၈-၇၉ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ကုန္တာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့ နာယက ဦးအောင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၇

မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၂၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်းတွင် ကေတုနီလာ၊ သိပ္ပံစိုးမြင့်နိုင်၊ မင်းယုဝေ၊ ရွှေညာသား မြတ်မင်း၊ လှမ်းထက်အောင် (ပညာ/လေ့ကျင့်)၊ မောင်တင်ထွန်း(ကန်သာလေး)၊ ဇေယျမြေ (မောင်ယဉ်မွှေး)၊ မြေလတ် မောင်မြင့်သူတို့၏ ကဗျာများ၊ စောမုံညင်း၊ မောင်ဆုရှင်၊ ချစ်နိုင် (စိတ်ပညာ)၊ လေ့လာသူတစ်ဦး၊ မောင်ပညာကျော်၊ အောင်စိုး (တိရစ္ဆာန် ဆေးကုဆရာဝန်)၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ် လှကြွယ်၊ ဦးကျော်(ပြည်ထဲရေး)၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ သန်းထွန်း(စကု)၊ မောင်မောင် သက်ထွန်း(လှော်ကား)၊ ဆင်ဖြူကျွန်း မြင့်သိန်း၊ စိုင်းခမ်းကော် (မိုင်းရယ်)၊ အိစံ(မွန်ပြည်နယ်)၊ ခင်ဇေ(စက်မှု)၊ ညွှန့်ဟံ(ကြူတော) နှင့် ရေနံ့သာမောင်ကျော်ညွှန့် တို့၏ သုတဆောင်းပါးများ၊ မစန္ဒာ၊ စိုးသီဟ(ရေတာရှည်)၊ ပြေအေး(မြင်းမူ)၊ ခင်လယ်လယ် ချစ်(မြန်/ဂုဏ်)၊ ရဲတင့်(အမေ့ရွာ)၊ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၊ မောင်မောင်အုန်း (လယ်ဝေး)၊ ကောင်းသစ်စံတို့၏ ရသဝတ္ထုတိုများ၊ မောင်စိန်တင်၏ ဂန္ထဝင် စာပေကဏ္ဍ၊ သက်သက်သင်း (ပညာရေး)၏ ဝတ္ထုရှည်ကဏ္ဍ၊ ဦးခင်မောင်မြ (B.A.B.L) နှင့် မောင်မောင်စန်း (ရန်ကုန် တက္ကသိုလ်) အင်္ဂလိပ်ဆောင်းပါး ကဏ္ဍ၊ မောင်မောင်ညွှက်၊ မြေဇာ၊ ငွေကြည်၊ရွှေမင်းသား၊သစ်ထွဏ်း၊ တင်အောင်နီတို့၏ ကာတွန်း ကဏ္ဍများနှင့် ဟာသကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

ပေးပို့နိုင်

စာမူများ ပေးပို့လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ် ၄၅၅/၄၅၇၊ တက္ကသိုလ် ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်သို့ လိပ်မူပေးပို့နိုင် ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဝက်သက်ရောဂါကာကွယ်ရေး ဟားခါး၌ညှိနှိုင်း

ဟားခါး မတ် ၁၀

မြန်မာနိုင်ငံဝက်သက်ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် (၂၀၀၇)အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉နာရီခွဲက ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်မှူး ဒေါက်တာမောင်မောင်အောင်ကျော်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ပြည်နယ်အတွင်း ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်နိုင်ရေး အတွက် ဌာနဆိုင်ရာများက ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းကူညီပေးရေး မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်မှူးဒေါက်တာမောင်မောင်အောင်ကျော်က မြန်မာနိုင်ငံဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်နိုင်ရေး စီမံချက်(၂၀၀၇)ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ်အတွင်းရှိ အသက်ကိုးလမှငါးနှစ်အောက် ကလေးသူငယ် ၆၀၅၉၅ ဦးကို သတ်မှတ်ကာလဖြစ်သော မတ် ၁၇ ရက်မှ ၃၀ ရက်အထိ ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး ဆေးထိုးအဖွဲ့များက ဆေးထိုးပေးကြမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

တနင်္သာရီ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်း ဖေဖော်ဝါရီ ၃ ရက်က ဘန်လောကျေးရွာ ဘဝအမြင်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောင်စုံရုပ်မြင်သံကြားစက် ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

ကြို့တင်ကာကွယ်

ဖေဖော်ဝါရီ ၉ ရက်က မန္တလေး အောင်မြေသာစံမြို့နယ်တွင် တိုင်း၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ပုလဲငွေရောင်ရပ်ကွက် မီးသတ်စခန်း၌ ကျင်းပရာ တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က အမှာစကား ပြောကြားစဉ်။ (၁၆၂)

ရွှေဘုန်းပွင့်ဘုရား ဗုဒ္ဓပူဇနိယပွဲ အသံမစဲပဋ္ဌာန်းပူဇော်

တောင်ကြီး မတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား တတိယ အကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့်အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်၈နာရီခွဲက ရွှေဘုန်းပွင့်ဘုရားဓမ္မာရုံ၌ ကျင်းပသည်။

သြဝါဒကထာ

ရှေးဦးစွာ ရှမ်းပြည်နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ ဥတ္တရာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပညာသိရီအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဥတ္တရာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တပညာသိရီထံမှ ကိုးပါးသီလခံယူဆောက်တည်ကာဆရာတော် အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ် တရားတော်များနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ တောင်ကြီးမြို့ မြို့ဦးကျောင်း တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုဏ္ဍလထံမှ သြဝါဒကထာကို နာယူကြသည်။

ကပ်လှူပူဇော်

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး တောင်ကြီးမြို့ ဥတ္တရာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ပညာသိရီထံမှလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး တိုင်းမှူး၊ ဇနီးနှင့်အလှူရှင်များက ရွှေဘုန်းပွင့်ဘုရားရင်ပြင်တော်ပေါ်တွင် ဆီမီးတစ်ထောင်နှင့်ပန်းတစ်ထောင် ကပ်လှူပူဇော်ကြသည်။

အဆိုပါ ရွှေဘုန်းပွင့်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ၂၈ရက်မှ မတ် ၅ ရက်အထိ အသံမစဲပဋ္ဌာန်းတရားများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

(ပြည်နယ်ပြန်/ဆက်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာဝင်းနှင့် ဝန်ထမ်းများအတွက် အဝီစိတွင်း တူးဖော်နေမှုကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်း ဖေဖော်ဝါရီ ၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံ အလက(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ဖျာပုံ မတ် ၁၀

ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ယခင်ရုပ်တိုက်ကျောင်း)၌ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ရက်(တပ်မတော်နေ့)တွင် အလက(၁)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်း

ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို လှူဒါန်းလိုပါက အလက(၁)ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး ဖုန်း-၀၄၅-၄၀၁၀၂၊ ဦးတိတ် ဖုန်း-၀၄၅-၄၀၀၇၄၊ ဦးသန့်ဇင်-ဒေါ်ခင်မာစိန်၊ ဒေါ်စန်းစန်းယု ဖုန်း-၀၄၅-၄၀၁၆၈၊ ဒေါ်စောလှမြင့် ဖုန်း-၀၄၅-၄၀၂၇၄၊ ဦးဝင်းထွဋ် ဖုန်း-၀၁-၅၃၇၀၇၄၊ ဦးစိုးနိုင်-ဒေါ်ထားထားမျိုး ဖုန်း-၀၁-၂၇၃၀၃၆နှင့် မသစ်သစ်ဦး ဖုန်း-၀၁-၂၂၁၆၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၇၉)**

ကျေးလက်နေပြည်သူများ ဗဟုသုတရရန် စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး

ကောလင်း မတ် ၈

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ရရှိစေရေးနှင့် စာဖတ်သည့် အလေ့အထကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်လျက် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပွဲကို ကောလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ မတ် ၁ ရက်က ကောလင်းမြို့နယ် ဥမှင်ကုန်းအုပ်စု အိမ်တိုင်ပုံ ကျေးရွာတွင် ကျင်းပသည်။

ရေရှည်

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်မြင့်က ခိုင်မာသည့်စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကိုဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က စာပေဂုဏ်၊ စာပေရသ၊ စာပေကျေးဇူးများကို ဆွေးနွေးပြောကြားသည်။ **(၀၂၆)**

ထန်းတပင်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

တောင်ငူ မတ် ၃

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဆောင်းရာသီ ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံး ပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်ဘောလုံးကွင်း၌ သီရိဟေမာရပ်ကွက်အသင်းနှင့် ဇီးဖြူသောင်ကျေးရွာအုပ်စု တို့ယှဉ်ပြိုင်ကစားကြရာ သီရိဟေမာအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ပထမဆုရ သီရိဟေမာရပ်ကွက် အသင်းအား ငွေကျပ် တစ်သိန်းခွဲနှင့်ဆုဖလား(အပေါ်ပုံ)**၊ ဒုတိယဆုရ ဇီးဖြူသောင် ကျေးရွာ အသင်းအား ငွေကျပ် တစ်သိန်းနှင့် တစ်ဦးချင်း ဆုရရှိသည့် ဘောလုံးသမားများအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။** (၃၇၂)

ကျိုက်ထိုမြို့နယ် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၂၈

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၇)ကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်ရုံး ရုပ်မြင်သံကြားခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ဟန်ငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွှန့်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာ ၃၉ရွာတို့မှ စာကြည့်တိုက်မှူးများနှင့် အရန်စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

သင်တန်းတွင် ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက်မိတ်ဆက်နှင့် မျိုးတူစုမိတ်ဆက်ကိုလည်းကောင်း၊ စာထောက်(၃)ဒေါ်သန်းသန်းမော်က စာအုပ်မှတ်ပုံတင်ခြင်းနှင့် စာအုပ်ငှားခြင်းတို့ကိုလည်းကောင်းပို့ချကြပြီး မြို့နယ်ရုံးစာကြည့်တိုက်တွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်သည့် ကျိုက်ထီးရိုးကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ညောင်ဝိုင်းအလယ်လမ်းနှင့် ပြည်သာယာလမ်း ကတ္တရာထပ်ပိုးလွှာခင်း စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေလှောင်ကန်ရေပေးဝေနိုင်ရေး ဆောင်ရွက်

ရာသီအလိုက် ပန်းအလှပင်များ ရှင်စောပုပျိုးဥယျာဉ်၌ ပျိုးထောင်

ရန်ကုန် မတ် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၅ ရက်က ပဲခူးတိုင်း ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသော မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်က မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြီးစီးမှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဈေးပိုင်း ၁၈ လမ်း၊ အရှည် ၃၈၅ ပေ၊ အကျယ် ၁၂ ပေ၊ ညောင်ဝိုင်းအလယ်လမ်းအရှည် ၁၁၃၅ ပေ၊ အကျယ် ၁၂ပေ၊ ညောင်ဝိုင်း ၁၃ လမ်း အရှည်ပေ ၅၃၀၊ အကျယ် ၁၂ ပေကတ္တရာလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြည်သာယာလမ်း ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ပြီးစီးမှုတို့ကိုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်သည် ရုံးကြီးရပ်ကွက်ရှိ စက်ရေတွင်း အမှတ်(၄) ရေစက်ရုံနှင့် ရေလှောင်ကန်တို့ကို စစ်ဆေးပြီး ရပ်ကွက်ပြည်သူများ စနစ်တကျ ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တိုင်းဥပဒေရုံးလမ်း အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းခင်းဆောင်ရွက်ပြီးစီးမှုနှင့် ဗန္ဓုလလမ်း အရှည်ပေ၅၀၀၊ အကျယ် ၁၈ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းအရှည်အသွေးပြည့်မီစွာ စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးလမ်းကို စနစ်တကျ ပြုပြင်ထိန်းသိမ်းရန်မှာကြားသည်။

ယင်းနောက် နန်းတော်ရာရပ်ကွက်ရှိ စက်ရေတွင်း အမှတ်(၁)ရေစက်ရုံနှင့်ရေလှောင်ကန်ကို လည်းကောင်း၊ ဆံတော်တွင်းလမ်း အရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း **(အပေါ်ပုံ)**၊ နန္ဒဝင်ကျောင်းလမ်းအရှည်ပေ ၁၀၇၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပျိုးထောင်ထားရှိမှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရှင်စောပုပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပျိုးဥယျာဉ်တွင် ရာသီအလိုက်ပွင့်သည့် ပန်းအလှပင်များ ထုနှင့်ထည်နှင့် စိုက်ပျိုးပြီး မြို့သာယာလှပရေး၊ မြို့တွင်း လမ်းဘေးဝဲယာများ၌ စိုက်ပျိုးရေး မှာကြားသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ဗထူးလမ်းအရှည် ပေ ၁၀၇၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းနှင့် သမိန်ဗရမ်းလမ်းအရှည်ပေ ၅၃၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြုပြင်ထိန်းသိမ်းရေး

ဆက်လက်ပြီး ရာဇဓိရာဇ်လမ်း အရှည် ၆၈၃ပေ၊ အကျယ် ၁၂ပေ ဂဝံလမ်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ အေးချမ်းသာယာလမ်း အရှည် ၁၂၀၇ ပေ၊ အကျယ် ၁၂ပေ ဂဝံ လမ်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးသော လမ်းများ အမြဲကောင်းမွန်နေရန်အတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥယျာမဏ္ဍာကိုင်နန်းမြို့ပိုင် တံခွန်တိုင်စေတီ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်လှူ

မှော်ဘီ မတ် ၁၄

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး ဝနဝါသီ ဥယျဓမ္မသာမိ မဟာထေရ်မြတ် သီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဖူးကြီးဒေသ သံသုမာရကုန်းမြေပေါ်၌ တည်ထားပူဇော်သည့် ဥယျာမဏ္ဍာကိုင်နန်းမြို့ပိုင် တံခွန်တိုင် စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မတ် ၁၁ ရက်က အဆိုပါစေတီတော်၌ကျင်းပရာ ရှေးဦးစွာ ပရိသတ်တို့က ဗောဓိရိပ်ငြိမ် တောရဆရာတော် ဘဒ္ဒန္တ ကုန္ဒာစရိယထံမှ နဝင်္ဂသီလခံယူ ဆောက်တည်ကြပြီး နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်ထွန်းနှင့် စေတီတော်တည်ဆောက်ရေးအဖွဲ့ နာယကများက ရွှေထီးတော်နှင့် ဌာပနာတော်သွင်းပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် အကျိုးတော်ဆောင် ဦးကျော်ဝင်း ဦးဆောင်သောအဖွဲ့က ရွှေထီးတော်နှင့် ဌာပနာတော်သွင်းပစ္စည်းများကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ ဆရာတော်၊ သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ထို့နောက် ရွှေမြသာကုန်းဆရာတော် သာသနဓဇ ဓမ္မာစရိယအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမိန္ဒ ဟောကြားချီးမြှင့်သော အနုမောဒနာတရားတော်တို့ကို ပရိသတ်တို့က နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

အမှတ် ၄၉၄ ရွက်လှလမ်း ကြို့ကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေ ဦးအေးမင်း-ဒေါ်အေးအေးကြွယ်၊ သမီးမေပွင့်ဖူး၊ သားပြည့်ဖြိုးပိုင်(မြတ်သိန်ထီရောင်းဝယ်ရေး) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ တိုးချဲ့ဆေးရုံသစ်အတွက် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်းက လက်ခံစဉ်။ (က-ပ)

ကြက်ဆူပင်များပျိုးထောင် ပေါင်းမြက်များ ရှင်းလင်း

ဖျာပုံ မတ် ၁၆

မိုးရာသီအမီ အပင်များမြေချစိုက်ပျိုးနိုင်ရေးအတွက် ကြက်ဆူပင်ပေါက်များ ပျိုးထောင်ခြင်း၊ သန်စွမ်းသော အပင်များအား ပျိုးအိတ်များအတွင်းသို့ ထည့်သွင်းခြင်း၊ ရှင်သန်ပြီး ကြက်ဆူပင်များ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများကို မတ် ၁၄ ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်သိန်းဝင်း **(အောက်ပုံ)**နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၅၈)**

ရုပ်မြင်သံကြားဖမ်းစက်လှူဒါန်း

ရန်ကုန် မတ် ၁၇

ကျေးရွာများရှိ စေတနာရှင်များက စုပေါင်း၍ အများပိုင်ရုပ်မြင်သံကြားဖမ်းစက်ပေးအပ်လှူဒါန်းပွဲကို မတ် ၆ ရက်က ဂန့်ဂေါခရိုင် ဆောမြို့နယ် လက်မွန်ကျေးရွာ ပညာရည်မွန်စာကြည့်တိုက်၌ ကျင်းပရာ ငွေကျပ် ၅၃၀၀၀၀ တန် အယ်လ်ဂျီအမျိုးအစား ၂၁လက်မအရွယ် ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို လည်းကောင်း၊ မတ် ၇ ရက်က ဆောမြို့နယ် ကျောက်ဆစ်ကျေးရွာ ပညာထွန်းလင်း စာကြည့်တိုက်တွင် ငွေကျပ် ၃၈၀၀၀၀ တန် ဆမ်ဆောင်း အမျိုးအစား ၂၁လက်မအရွယ် ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိစေရန် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ၂၃ ရက်က ချောင်းဆုံမြို့နယ် ညောင်လန်းကျေးရွာ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာက အသိပညာပေးဟောပြောစဉ်။

(မြို့နယ်အမျိုးသမီးရေးရာ)

မြို့နယ်သတင်းများ

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ပဲခူး မတ် ၅

ပဲခူးမြို့ ကျိုက်ပွန်ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တောင်ပုလုတောရ တရားရိပ်သာဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ ကုန္ဒာစက္က မဟာထေရ်သည် ဧပြီ ၁၂ရက်မှ ၂၁ ရက်အထိ တောင်ပုလုဆရာတော်ကြီး၏ ဥပနိဿယ ကျင့်စဉ်အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်ရောက် အားထုတ်လိုသော ရဟန်းရှင်လူများသည် သတ်မှတ်ရက်မတိုင်မီ ပဲခူးမြို့ ဥသျှာမြို့သစ် ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက် သာသနနုဂ္ဂဟ အကျိုးတော်ဆောင်အဖွဲ့ တောင်ပုလုရိပ်သာ ဖုန်း- ၀၅၂-၂၁၆၀၀သို့ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက်
၁၉-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (လက်ဖက်အခြေခံ အရည်အသွေးမီ ထုတ်ကုန်များအကြောင်း)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (ကမ္ဘာ့ကုန်ထုတ်ပြိုင်ပွဲအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ ကျန်းမာရေးရာ ပြန်ကြားလွှာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-သမိုင်းသင်ပြနည်း) (သမိုင်းသင်ခန်းစာများတွင် ပါဝင်သော ယဉ်ကျေးမှုနှင့်ဆိုင်သည့် အတွေးအခေါ်)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) ကျေးလက်အလှပန်းချီ (ကြည်ဖြူသန့်-ဆေး-၁)
(၂) တောသူမလေးမိချို (ရွှေမြိုင်မောင်အုန်း)
(၃) တောရွာသာယာ (အေဝမ်းတင်တင်လှ)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)

၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ခေတ်အဆက်ဆက်ပြည်သူ့အတွက် တပ်မတော်-ကံ့ကော်ဦး)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့ (မဟာရန်ကုန် စိန်စတင်းဆိုင်းအဖွဲ့)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဆယ်မိုးဆယ်နွေ မျှော်လေလေဝေး (ကိုမင်းနောင်)
(၂) ကမ္ဘာခြားသည့် အနီးဆုံးနှလုံးသား (နှင်းရည်သန့်)
(၃) ပန်းကောက်လှည့်ပါ (မောင်မောင်လတ်)

ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့ရှိ ပြည်သူ့ဆေးရုံ (ငွေဆောင်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ငွေဆောင်မြို့ စုပေါင်းရုံးလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် မတ် ၁၇

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ စုပေါင်းရုံးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ ပြည်သူ့ဆေးရုံ(ငွေဆောင်)ဖွင့်ပွဲနှင့် အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို မတ် ၁၅ရက်က ငွေဆောင်မြို့ရှိ သက်ဆိုင်ရာနေရာအသီးသီးတို့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားများသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူ ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများ တန့်ဆည်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၁၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့နှင့်အတူ မတ် ၁၆ ရက်တွင် စစ်ကိုင်းတိုင်း တန့်ဆည်မြို့ ဒီဂျစ်တယ်လိုင်း ၆၀၀ အော်တို အိတ်ချိန်းသစ်သို့ရောက်ရှိပြီး ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ အော်တိုအိတ်ချိန်းသစ် အဆောက်အအုံကို ဖွင့်လှစ် ပေးကြပြီး တိုင်းမှူးက စက်ခလုတ်နှိပ်၍ တန့်ဆည်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အမှတ်တရ သစ်ပင်စိုက်ပျိုး ပေးကြပြီး အိတ်ချိန်းသစ်၌ ဆက်သွယ်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခန်းမ၌ ဖွင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ■

(၁၈-၃-၂၀၀၇)

မိုးလေဝသ အခြေအနေ

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ သာယာမည်။

ကျောက်စိမ်းအတွဲပေါင်း ၃၂၇၈တွဲ ငါးရက်အတွင်း ရောင်းချရ ရတနာကုန်သည် ၃၄၁၀တို့ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် မတ် ၁၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ *စာမျက်နှာ ၈ ကော်လံ ၃* ❐

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)